
The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL. 23, NO. 24
တနင်္လာနေ့တိုင်းထုတ်ဝေသည်
December 4, 2023

# ဒေသတွင်းစားသုံးဆီ [illegible]
# ဒေသ [illegible]

စာမျက်နှာ - 16







## တောင်ကိုရီးယားနှင့် ဂျပန်တို့မှ မြန်မာ့ဆားကြမ်းကို တန်ချိန် ရာနှင့်ချီဝယ်ယူရန် ကမ်းလှမ်းထား

စာမျက်နှာ - 18

## ပဲနီလေး၊ မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းမှု အိန္ဒိယ အများဆုံးဖြစ်

စာမျက်နှာ - 23





# ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက် ဖောက်ရန်အတွက် ပဲတီစိမ်းများတင်ပို့

ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ပြုလုပ်မည့် ပဲတီစိမ်းများတင်ပို့ရာတွင် ၎င်းနိုင်ငံများမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ သတ်မှတ်ချက်များနှင့်ကိုက်ညီစွာ စိုက်ပျိုးထုတ်လုပ်တင်ပို့သွားနိုင်ရေး အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်မှစတင်၍ ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများ တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်းတာဝန်ယူပြီး သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပဲတီစိမ်း စတင်စိုက်ပျိုးချိန်မှ ထုတ်လုပ်ချိန်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်အား ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**စားသုံးသူရေးရာဦးစီးဌာန**

လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် နှစ်စဉ် ဥရောပသမဂ္ဂသို့ ပဲတင်ပို့လိုသည့် ကုမ္ပဏီများအား အဆိုပြုလွှာများ ဖိတ်ခေါ်၍ အဆိုပြုလွှာတင်သွင်းလာသည့် ကုမ္ပဏီလုပ်ငန်းရှင်များ ပါဝင်သည့် မြန်မာပဲများတင်ပို့သူ အစုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊ တောင်သူပညာပေး သင်တန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ သင်တန်းအစီအစဉ် ရေးဆွဲခြင်း၊ စစ်ဆေးရေးမှူးသင်တန်းအစီအစဉ် ရေးဆွဲခြင်း၊ တောင်သူစာရင်း ပြုစုခြင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲတီစိမ်း စိုက်ပျိုးတောင်သူများအား ကောင်းမွန်သော စိုက်ပျိုးမှုနည်းစနစ်များအတိုင်း စိုက်ပျိုးစေရန် နည်းပညာ ပေးသင်တန်းများပို့ချခြင်း၊ အဝယ်ဒိုင် (Collector) များ၊ စစ်ဆေးရေးမှူးများအား သင်တန်းပို့ချခြင်း၊ **စာမျက်နှာ ၆ သို့**





# ကမ္ဘာ့အကြီးဆုံး စားသောက်ကုန် ထုတ်လုပ်သူ

**ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် စားနပ်ရိက္ခာ လိုအပ်မှုနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုကလည်း အဓိကကျနေပြန်သည်။ နိုင်ငံတိုင်းလိုလို စားသောက်ကုန်များကို စိုက်ပျိုးနိုင်ကြမည် ဖြစ်သော်လည်း ရေခံမြေခံကောင်းမှု လိုအပ်သကဲ့သို့ ဒေသနှင့် လိုက်လျောညီထွေမှုရှိသည့် ရာသီဥတုရှိရန်လည်း လိုအပ်သည်။ လယ်ယာထွက်ကုန်များသည် နိုင်ငံတကာကုန်သွယ်မှု အရှိန်အဟုန်ဖြင့် တိုးတက်နေသော်လည်း လယ်ယာထွက်ကုန်အများစုသည် ပြည်တွင်း၌သာမက ပြည်ပ၌ပါ စားသုံးဆဲဖြစ်သောကြောင့် လူဦးရေပမာဏသည်လည်း အရေးကြီးသည်။ ကမ္ဘာ့အကြီးဆုံး စားသောက်ကုန်ထုတ်လုပ်သည့် လေးနိုင်ငံကို Investopedia သတင်းဌာနက ဖော်ပြလာသည်။ ကမ္ဘာ့စားနပ်ရိက္ခာထွက်ရှိမှု ထိပ်တန်းလေးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံတို့သည် များပြားသောလူဦးရေ၊ ကျယ်ပြန့်သော မြေဧရိယာနှင့် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ရန်အတွက် သင့်လျော်သော ရာသီဥတုဇုန်များ၏ အားသာချက်များ ရှိနေကြသည်ကို တွေ့ရသည်။ အခြားတစ်ဖက်တွင် စားနပ်ရိက္ခာထုတ်လုပ်မှုသည် ၎င်းတို့၏ စီးပွားရေးတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြန်သည်။**

## တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စားသောက်ကုန်ထုတ်လုပ်သူဖြစ်သကဲ့သို့ ကမ္ဘာ့အကြီးဆုံး စားသောက်ကုန် တင်သွင်းသူလည်းဖြစ်သည်။ အသားမှအစ သစ်သီးများ၊ ဝိုင်နီ၊ နို့ထွက်ပစ္စည်း စသည့် အစားအစာများသည် တရုတ်နိုင်ငံသားများအတွက် နေ့စဉ်အဓိက စားနပ်ရိက္ခာများဖြစ်လာသည်။ မကြာသေးမီနှစ်များအတွင်း စားသုံးမှု အဆင့်မြင့်တင်ခြင်းနှင့်အတူ တရုတ်နိုင်ငံ၏ စားသောက်ကုန် တင်သွင်းမှုသည် မြင့်မားလာခဲ့ပြီး ယခုနှစ်အတွင်း တင်သွင်းသည့် စားသောက်ကုန် စုစုပေါင်းပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၄၀ အထိရှိလာမည်ဟု ခန့်မှန်းထားသည်။ ယင်းတို့အနက် အသား၊ စပါး၊ ရေထွက်ပစ္စည်းနှင့် အခြားအမျိုးအစားများ တင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိသည်ဟု ဆိုသည်။ အခြားတစ်ဖက်တွင် တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်း စားသောက်ကုန် နှစ်စဉ်ထွက်ရှိမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ထရီလီယံရှိပြီး ကမ္ဘာ့ထိပ်တန်း စိုက်ပျိုးထုတ်လုပ်သူဖြစ်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် အစားအစာနှင့် အစားအစာမဟုတ်သော ထွက်ကုန်များ ပါဝင်သည်။ အစားအစာမဟုတ်သော စိုက်ပျိုးရေးထွက်ကုန်များတွင် ပိုးချည်၊ ရော်ဘာ၊ သိုးမွေးနှင့် ဆေးရွက်ကြီးတို့ပါဝင်သည်။ ၂၀၂၂ ခုနှစ် စာရင်းအရ လူဦးရေ ၁၄၅ ဘီလီယံကျော်ရှိသည့် တရုတ်နိုင်ငံသည် ကမ္ဘာ့ထွန်ယက်စိုက်ပျိုးနိုင်သော မြေ၏ ၁၀ ရာခိုင်နှုန်းသာရှိသော်လည်း ကမ္ဘာ့ကောက်ပဲသီးနှံ အထွက်နှုန်း၏ လေးပုံတစ်ပုံကို ထုတ်လုပ်ပြီး ဝါဂွမ်း၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အသားများ၊ ကြက်ဥများနှင့် ရေထွက်ကုန်များထုတ်လုပ်ရာတွင် ကမ္ဘာကို ဦးဆောင်နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ သိရသည်။

တရုတ်နိုင်ငံ၏ နယ်မြေအများစုသည် တောင်တန်းများ သို့မဟုတ် စိုက်ပျိုးရန် အလွန်ခြောက်သွေ့သော်လည်း ၎င်း၏ အရှေ့ဘက်နှင့် တောင်ပိုင်းဒေသများ၏ ကြွယ်ဝသော မြေဆီလွှာများသည် စိုက်ပျိုးရန်အတွက် အလွန်အကျိုးဖြစ်ထွန်းသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးလုပ်သား အများဆုံးရှိသည့် နိုင်ငံလည်းဖြစ်သည်။ စားနပ်ရိက္ခာထုတ်လုပ်မှု၌ လုပ်သား အချိုးအစားသည် ၁၉၉၁ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းမှ တဖြည်းဖြည်း လျော့နည်းလာသော်လည်း လယ်ယာလုပ်ငန်းခွင်သည် ၂၀၁၉ ခုနှစ်အထိ တစ်နိုင်ငံလုံး အလုပ်အကိုင်၏ ၂၅ ရာခိုင်နှုန်းအထိ ရှိနေသေးသည်။ တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန်မှာ တိုးတက်လာသော်လည်း ၎င်းတို့၏ စားနပ်ရိက္ခာ လိုအပ်ချက်အတွက် ၂၃ ရာခိုင်နှုန်းကျော်ကို ပြည်ပမှ တင်သွင်းနေရသေးသည်။ ပဲပုပ်အထွက်နှုန်း ကျဆင်းခြင်း၊ စပါးတင်သွင်းမှု မြင့်တက်လာခြင်းနှင့် စက်မှုနှင့် မြို့ပြဖွံ့ဖြိုးရေးအတွက် လယ်ယာမြေများ ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့နေရသည်။

တရုတ်သည် ၂၀၁၉ ခုနှစ်တွင် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၁ ဘီလီယံဖြင့် ကမ္ဘာ့ထိပ်တန်း လယ်ယာထွက်ကုန် တင်သွင်းသူဖြစ်လာပြီး အမေရိကန်ကို ကျော်တက်သွားသည်။ ပဲပိစပ်၊ ဆန်စပါး၊ ချည်တို့ကဲ့သို့ မြေယာအသုံးများသော သီးနှံများအပြင် အသား၊ နို့ထွက်ပစ္စည်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ စားသုံးမှု မြင့်တက်လာခြင်းကြောင့် သွင်းကုန်များ တိုးလာခြင်းဖြစ်သည်။

## အိန္ဒိယနိုင်ငံ

တရုတ်နိုင်ငံထက် လူဦးရေ အနည်းငယ် သာလွန်မှုရှိလာသည့် အိန္ဒိယနိုင်ငံသည် လယ်ယာထွက်

စိုင်းဗညား

ကုန် အမေရိကန်ဒေါ်လာ ၄၀၃ ဒသမ ၅ ဘီလီယံ စိုက်ပျိုးထွက်ရှိခြင်းကြောင့် ကမ္ဘာ့ဒုတိယအကြီးမားဆုံး စားသောက်ကုန်ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာသည်။ စုစုပေါင်း စိုက်ပျိုးရေးထွက်ရှိမှုမှာ ရိက္ခာထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၃၈၂ ဒသမ ၂ ဘီလီယံဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး နို့၊ ဂုန်လျှော်နှင့် ပဲမျိုးစုံထုတ်လုပ်သူ (ပဲစေ့ခြောက်၊ ပဲနီနှင့် ကုလားပဲများပါဝင်သော ပဲမျိုးစေ့အမျိုးအစား)ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး ဆန်၊ ဂျုံ၊ ကြံ၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဝါဂွမ်းနှင့် မြေပဲများ ထုတ်လုပ်သည့် နိုင်ငံလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် စပါးထွက်ရှိမှုတွင် ဖူလုံမှုရရှိခဲ့သော်လည်း လူတစ်ဦးချင်းသည် အခြေခံအားဖြင့် ဆင်းရဲသည့် အနေအထားတွင်ရှိနေပြီး လူအများစုသည် မွေးမြူရေးလုပ်ငန်းအပေါ် မှီခိုအားထားနေရဆဲဖြစ်သည်။ ၎င်းသည် အကန့်အသတ်ရှိသော အရင်းအမြစ်များ အထူးသဖြင့် ရေကို ထိရောက်စွာအသုံးပြုမှုကို ညွှန်ပြခဲ့ပြီး ရာသီအလိုက် သီးနှံထွက်ရှိမှုကို မှီခိုနေရသည်။

မုတ်သုံရာသီနှင့် သီးနှံအထွက်နှုန်းသည် ကမ္ဘာ့ပျမ်းမျှထက် နိမ့်ကျနေသည်။ အခြေခံအဆောက်အအုံနှင့် ဖြန့်ဖြူးရေးစနစ်များတွင် ချို့ယွင်းချက်များကြောင့် အချို့သော သီးနှံများအတွက် ရိတ်သိမ်းပြီးနောက် ၄၀ ရာခိုင်နှုန်းခန့်အထိ နှစ်စဉ်ဆုံးရှုံးနေရသည်။

ထိုသို့သော အတားအဆီးများကြားမှ အိန္ဒိယနိုင်ငံသည် သန့်စင်ပြီး သကြားနှင့် ဆန်တင်ပို့မှုတွင် အများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိလျက် ရှိနေသည်။ ဆန်၊ ဝါဂွမ်း၊ ပဲပိစပ်နှင့် အသားများ တင်ပို့မှုအားကောင်းသော အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လယ်ယာထွက်ကုန် တင်ပို့သူများတွင် အဆင့်(၉)အထိ ရပ်တည်နိုင်ခဲ့သည်။

**စာမျက်နှာ ၇ သို့**

Commerce
JOURNAL
**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
ခင်သက်ထား
ဒေါက်တာထိန်လင်း
**စာတည်းမှူးချုပ်**
သန့်စင်မင်း
**တာဝန်ခံစာတည်း**
စိန်သံ
**စာတည်းအဖွဲ့**
ကျော်ကျော်
**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး
**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)
**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်
**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)
**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)
**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# နိုဝင်ဘာလ တတိယပတ်အတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ငါးသောင်းငါးထောင် တင်ပို့

**ဆန်**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၅၁ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၂၉၉၀၀ တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၆၃၀၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၃၅၉၀ ကျော်တင်ပို့နိုင်ခဲ့သည်။ ဆန်တင်ပို့သော အာရှနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၆၈၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၆၄၂၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၉၀၀၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၆၁၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၂၆၀ နှင့် ဗီယက်နမ်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ကျော် တင်ပို့ခဲ့သည်။ ဥရောပနိုင်ငံများသို့ ဆန်တင်ပို့မှုများမှာ အန်ဒိုရာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၂၀၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၇၅၀၊ ချက်သမ္မတနိုင်ငံသို့ ဆန် ၅၂၇ တန်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၂၀ ကျော်၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၊ ပြင်သစ်နိုင်ငံသို့ ဆန်တန်ချိန် ၅၀နှင့် လစ်ဗျားနိုင်ငံသို့ အနည်းငယ် တင်ပို့ခဲ့သည်။

နိုဝင်ဘာ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၃ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၄၆၀ ကျော် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု တန်ချိန် ၃၁၃၆၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၆၄ သန်းရရှိခဲ့သည်။ နိုဝင်ဘာ ဒုတိယပတ် ဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၆၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

နိုဝင်ဘာလ တတိယပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၆၆ သန်း



တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၂၁၆၀ တန် တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၃၄၆၀ ကျော် တင်ပို့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲ ၈၆၉၀ ကျော် တင်ပို့သည်။ ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ၅၀၂၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၄၇၃၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၃၄၄၈ တန်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၀ တင်ပို့ခဲ့သည်။ ဥရောပနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၀၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၉၇၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀၀၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀၀၊ စပိန်နိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၀၊ အန်ဒိုရာနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၂၀ နှင့် ချက်သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ တင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၀ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၆၆၉ တန် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၂၃၈၂၉ တန်ချိန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၉၆ သန်းရရှိခဲ့သည်။ နိုဝင်ဘာလ ဒုတိယပတ် ဆန်ကွဲတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၇၄၀၀ ကျော် တင်ပို့ခဲ့သည်။ နိုဝင်ဘာလ တတိယပတ်တွင် ဆန်နှင့် ဆန်ကွဲ တင်ပို့မှု စုစုပေါင်း တန်ချိန် ၅၅၀၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၆၀ သန်းရရှိခဲ့သည်။

**DAAT**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁-၁၂-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၉၇ | ၆၅၄ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၈၃ | ၆၄၀ | ↑ | ၆၅၇ | ၆၆၂ | ↑ | | | | ၅၇၂ | ၅၈၇ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၆၀ | ၆၀၈ | ↑ | ၆၄၂ | ၆၄၇ | ↑ | | | | ၄၉၀ | ၅၈၇ | ↑ |
| ပေါင်းဆန် | ၅၈၃ | ၆၄၀ | ↑ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ (၁-၁၂-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၆၀၀၀ | - | ၅၈၀၀၀ | - | | | ၁၂၅၀၀၀ | - |
| ပဲခူး | ၁၆၅၆၀ | - | ၆၃၀၀၀ | - | | | - | - |
| စစ်တွေ | ၁၇၉၀၀ | - | ၁၀၀၀၀၀ | - | ၂၄၀၀၀ | - | ၁၇၀၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၄၉၀၀ | | ၆၅၀၀၀ | - | | | ၈၆၅၀၀ | |
| မန္တလေး | ၂၅၀၀၀ | - | ၉၆၀၀၀ | - | | | ၁၃၉၀၀၀ | - |
| မကွေး | ၁၉၅၀၀ | | ၈၈၀၀၀ | | | | ၁၄၄၀၀၀ | - |
| မြိတ် | ၁၉၀၀၀ | - | ၇၆၀၀၀ | - | | | ၁၂၈၀၀၀ | - |
| ဘားအံ | ၁၈၀၀၀ | - | ၆၈၀၀၀ | - | | | ၁၃၄၀၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဆန်လုံးညိုခေါ် (လုံးတီးဆန်) ကို စားသုံးပေးသင့်

ကမ္ဘာပေါ်ရှိ လူတိုင်းလိုလို အသက်ရှင်ရန်အတွက် ဆန်ကို ချက်ပြုတ်စားသုံးကြသည်။ အချို့ တိုင်းရင်းသားများနှင့် အချို့ နိုင်ငံများတွင် လူး၊ ဆပ်၊ အာလူး၊ ဂျုံ စသော သီးနှံများများကို စားသုံးကြသော်လည်း အများစုမှာ ထမင်းကိုသာ ချက်ပြုတ်စားသောက်ကြသည်။ လူးနှင့်ဆပ်သည် နှံပြောင်းအမျိုးအစားထဲတွင် ပါဝင်ပြီး မိုးခေါင်ရေရှားရပ်ဝန်းတွင် စားသုံးလေ့ရှိသည့် သီးနှံတစ်မျိုးဖြစ်သည်။

ဆန်ဟုပြောရာတွင် လူတို့နေ့စဉ်စားနေသော ဆန်ဖြူဖြူလေးများသည် အဆင့်ဆင့်ပြုပြင်ပြီးမှ ရလာသော ဆန်များဖြစ်သည်။ ဆန်လုံးညိုဆိုသည်မှာ ပြုပြင်ထားခြင်းမရှိဘဲ သဘာဝဆန်စေ့အတိုင်း ထုတ်လုပ်ထားပြီး အာဟာရဓာတ်များစွာ ပါဝင်သည့် အညိုရောင်ဆန်ဖြစ်သည်။ ဆန်လုံးညိုသည် စပါးကို အခွံချွတ်ပြီးနောက် စား၍ရသည့် အဆင့်ဖြစ်အောင် ဖွတ်ကာ ရလာသောဆန်ဖြစ်သည်။ ပုံမှန်စားသုံးနေကြသော ဆန်များသည် စပါးကို အခွံချွတ်ပြီးနောက် စား၍ရသော ဖွဲနုအလွှာတစ်ခုကို ထပ်မံဖယ်ရှားပြီး နောက်ဆုံးတွင် ဖြူဖွေးအောင် အကြိမ်ကြိမ် ဖွတ်ထားသော ဆန်များဖြစ်သည်။ ဆန်လုံးညိုမှာမူ ထိုသို့မဟုတ်ဘဲ အပေါ်ယံ စပါးခွံကို ဖယ်ရှားပြီးနောက် အကြိမ်ကြိမ်မဖွတ်ဘဲ စား၍ရသော အတိုင်းအတာထိထားပြီး အပေါ်ယံနုလွှာပါးကို မဖယ်ရှားထားသောဆန်ဖြစ်သည်။

အကြိမ်ကြိမ်ဖွတ်ထားသော ဆန်များသည် အပေါ်ယံလွှာရှိ အဖိုးတန် ဗိုက်တာမင်များ အမျှင်များစွာ ကုန်ဆုံးသွားကာ အာဟာရဓာတ်ကို လိုသလောက် မပေးနိုင်တော့ပါ။ ဆန်ဖြူများနှင့် မတူခြင်းက ဆန်လုံးညိုမှာ အပြင်ဘက်ဆုံးအလွှာ ရှိနေသောကြောင့် အာဟာရတန်ဖိုး အများအပြား ကပ်ငြိနေခြင်းဖြစ်သည်။ ဆန်ဖြူကို ကြိတ်ခွဲလိုက်သည့်အခါ ဗီတာမင် B-3 ၆၇ ရာခိုင်နှုန်း၊ ဗီတာမင် B-1 ၈၀ ရာခိုင်နှုန်း၊ ဗီတာမင် B-6 ၉၀ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ်တစ်ဝက်၊ ဖော့စ် ဖရပ်စ်တစ်ဝက်၊ သံဓာတ် ၆၀ ရာခိုင်နှုန်းနှင့် အမျှင်ဓာတ်အားလုံး ဆုံးသွားသည်။ ဆန်လုံးညိုသည် အပေါ်ယံအလွှာ ပါးသောကြောင့် သာမန်ဆန်များကဲ့သို့ နှစ်ရှည်မခံတတ်ပါ။ သာမန်အားဖြင့် ခြောက်လခန့်သာ အထားခံသည်။ အာဟာရဓာတ် မြင့်မားသော ဆန်လုံးညိုကို ဝိတ်ချရာမှာလည်း အသုံးပြုကြသည်။

ကိုလက်စရောနှင့် ကယ်လိုရီပါဝင်မှုကလည်း သာမန် ဆန်ထက်ပိုနည်းသဖြင့် ဝိတ်ချသူများ ရွေးချယ်ရန် အထူးသင့်တော်သည်။ ဆန်လုံးညို၏ အပြင်ဘက်ဆုံး အလွှာကြောင့် အမျှင်ဓာတ်ပါဝင်မှု မြင့်မားကာ ဆာလောင်မှုကို ထိန်းချုပ်ပေးသည်။ ထို့ကြောင့် ဝိတ်ချနေသူများကလည်း ထမင်းဖြူအစား ဆန်လုံးညိုကို အစားထိုးစားသင့်သည်။ ဆီးချို၊ သွေးချိုရှိသူများလည်း စားသုံးသင့်သော ဆန်တစ်မျိုးဖြစ်ပြီး အများကြီး မစားသင့်ပေ။ ဆန်လုံးညိုသည် အမျှင်ဓာတ်ကြွယ်ဝကာ ဗိုက်ပြည့်လွယ်ပြီး ပမာဏများများ စားမည်ဆိုလျှင် ဆီးချိုတက်နိုင်ပြီး ဝမ်းချုပ်စေနိုင်သည်။ ဆန်လုံးညိုမှာ ဖောလစ်အက်စစ် ပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်မိခင်များ စားသုံးသင့်သည်။ ဖောလစ်အက်စစ်သည် အမျိုးသမီးများအတွက်ကောင်းမွန်ပြီး နေ့စဉ်စားသောက်မှုမှာ မရှိမဖြစ်ပါဝင်သည့် အာဟာရတစ်မျိုးဖြစ်သည်။ ဆန်လုံးညိုသည် ကလေးများအဖြစ်များသည့် ပန်းနာရင်ကျပ် ရောဂါကိုလည်း ပျောက်ကင်းစေသည်။

ဆန်လုံးညိုမှာ Lignan(လီနမ်) ဓာတ် ပါဝင်ခြင်းကြောင့် နှလုံးရောဂါ ဖြစ်ခြင်းကိုလည်း ဟန့်တားပေးသည်။ Antioxident ပါဝင်သောကြောင့် ကင်ဆာဖြစ်ခြင်းကို လျော့နည်းစေသည်။ ဆန်လုံးညိုသည် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာများ အပါအဝင် အခြားကင်ဆာရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ပေးသည်။

ဆန်လုံးညိုသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး အမျှင်ဓာတ်၊ အဆီနှင့် ကာဗိုဟိုက်ဒရိတ်တို့ကို ထောက်ပံ့ပေးသည့် ကောက်နှံတစ်ခုဖြစ်ပြီး အစိတ်အပိုင်းသုံးမျိုး ပါဝင်ကြောင်း သိရသည်။ အမျှင်ဓာတ်ပါဝင်ပြီး ခန္ဓာကိုယ်၌ ရှိနေသည့်အဆီများကို စုပ်ယူနိုင်သောကြောင့် သွေးကြောကျဉ်းရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။ ထမင်းဖြူမှာ အစာချက်မှု ပိုမိုလွယ်ကူသောကြောင့် အစာအိမ်နာခြင်းကို ရှောင်ရှားပေးသည်။ ထို့အပြင် စွမ်းအင်ပံ့ပိုးမှုကို ပိုမိုမြန်ဆန်ပြီး အားကစားသမားများအတွက် ပြီးပြည့်စုံသော အစားအစာဖြစ်လာသည်။

ဆန်လုံးညိုတစ်ခွက်တွင် မဂ္ဂနီဆီယမ် ၂၁ ရာခိုင်နှုန်း ပါဝင်သည်။ မဂ္ဂနီဆီယမ်သည် အရိုးများအတွက် ကောင်းမွန်စေပြီး ကြွက်သားများကိုပြေလျော့စေသည်။ ဆီးချိုသမားများအတွက်လည်း ကယ်လိုရီပါဝင်မှုနည်းသော ဆန်လုံးညိုကို ဆန်ဖြူအစားထိုးစားသုံးနိုင်သည်။ ဗီတာမင်နှင့် အခြားအာဟာရများ ကြွယ်ဝသဖြင့် ကိုယ်ခံအားစနစ်ကိုလည်း ကောင်းမွန်စေသည်။ အာဟာရဓာတ်များကြွယ်ဝသော ဆန်လုံးညိုကို ချက်ရာတွင်လည်း သာမန်ထမင်းချက်သကဲ့သို့ ချက်နိုင်သည်။ ဆန်လုံးညိုကို ညအိပ်ခါနီးအချိန်မှာ အလွန်အမင်းစားသုံးပါက အစာမကြေခြင်းကို ဖြစ်စေပြီး ထမင်းဖြူအစား တစ်ခါတစ်ရံတွင် ဆန်လုံးညိုကို အစားထိုးစားပေးသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**DOCA(Kayin)**

# ပွင့်ဖြူမြို့နယ် ကျွန်းပင်စင်ကျေးရွာ၌ ဆောင်းမြေပဲ စိုက်ပျိုးထွက်ရှိမှု အခြေအနေ

ကျွန်းပင်စင်ကျေးရွာသည် ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာ အုပ်စုတွင်တည်ရှိပြီး သမိုင်းဝင်ကျောင်းတော်ရာဘုရားကြီးနှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ကျွန်းပင်စင်ကျေးရွာတွင် အိမ်ခြေ ၂၀၀ ခန့်ရှိပြီး လူဦးရေမှာ ၁၃၅၀ ဦးခန့် နေထိုင်ကြသည်။ စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်ကြပြီး စပါး၊ ပဲကြီး၊ ပဲထောပတ်၊ ကုလားပဲ၊ ပြောင်း၊ နှမ်းနှင့်မြေပဲသီးနှံများကို စိုက်ပျိုးကြကြောင်း၊ ဆောင်းမြေပဲသီးနှံကိုယခုနှစ်တွင် ဧက ၂၀၀ ခန့်စိုက်ပျိုးထားပြီး ရာသီဥတု ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းများ ကောင်းမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်တွင် ဆောင်းမြေပဲစိုက်ပျိုးသူ ဦးအောင်ကျော်သူသည်ငါးဧကခန့်စိုက်ပျိုးထားကြောင်း၊ မြေပဲကိုမြေနုကျွန်းတွင် စိုက်ပျိုးကြောင်း၊ တစ်ဧကစိုက်ပျိုးလျှင် မျိုးအနေဖြင့်မြေပဲဆန် နှစ်တင်းခန့် ကုန်ကျကြောင်း၊ မြေပဲအသေး အဖြူကိုသာစိုက်ပျိုးကြောင်း၊ ငါးဧကလျှင်မျိုး ၁၀ တင်းခန့်ကုန်ကျပြီးမျိုးချန်ထားသော မိမိမျိုးကိုသာ စိုက်ပျိုးကြောင်း၊ မြေပြင်သည့်စရိတ်မှာ လည်းတစ်ဧကလျှင် မြေဆီတစ်အိတ်နှုန်း အသုံးပြုပြီး ထွန်ယက်ရာတွင် မိမိစက်ဖြင့် ထွန်ယက်သောကြောင့်ဓာတ်ဆီဖိုးသာကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင်လည်း မြေပဲစိုက်ပျိုးစက်ဖြင့် စိုက်ပျိုးသောကြောင့် အကူတစ်ဦးသာလျှင်နေ့စားအနေဖြင့် ငှားရကြောင်း၊ နေ့စားခမှာ ကျပ် ၁၀၀၀၀ ပေးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုးဖိုးမပါ ကျပ် ၇၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဆောင်းမြေပဲကို နိုဝင်ဘာလဆန်းတွင်စတင်စိုက်ပျိုးပြီး တစ်လသားခန့် အရွယ်တွင် မြေကြီးအတွင်း အစိုဓာတ်ထိန်းနိုင်စေရန်နှင့် အပင်ရှိအပွင့်ထဲမှ ဝတ်ဆံတိုင်လေးများ မြေကြီးထဲ ဥချနိုင်ရန်အတွက်ကြားတိုက်ပေးရကြောင်း၊ တစ်လခွဲသားခန့်တွင် ထပ်မံ အပွင့်ပွင့်စေရန် ပိုးသတ်ဆေးနှင့် အားဆေး ဝယ်ယူပက်ဖျန်းရကြောင်း၊ အပွင့် ပွင့်လာပါက ထပ်မံ ကြားတိုက်ပေးရကြောင်း၊ ဆောင်းမြေပဲသီးနှံသည် မိုးအကုန် ဆောင်းအစတွင်စိုက်ပျိုးရသောသီးနှံဖြစ်၍ စိုက်ပျိုးပြီးပါက မိုးများစွာ ရွာသွန်းလျှင်မြေကျစ်၍မြေပဲဥ မဥကြောင်း၊ ဆောင်းအအေးဓာတ်နှင့်လုံလောက်သောအစိုဓာတ်ရှိလျှင် အထွက်နှုန်းကောင်းကြောင်း၊ အပွင့်ပွင့်ချိန်တွင် နှင်းများကျပါက ပိုမိုအထွက်နှုန်း ကောင်းမွန်ကြောင်း၊ အထွက်နှုန်းများမှာ မြေအနေအထား ကွာခြားခြင်း၊ မြေအစိုဓာတ် ကွာခြားခြင်း၊ စိုက်ပျိုးပြုပြင်မှု ကွာခြားခြင်း၊ သွင်းအားစုသုံးစွဲပုံနှင့် ပိုးသတ်ဆေး၊ အားဆေး သုံးစွဲမှုကွာခြားခြင်း၊ စိုက်ပျိုးမှုကွာခြားခြင်းတို့ကြောင့် ဆောင်းမြေပဲတစ်ဧက စိုက်ပျိုးလျှင်မြေပဲတောင့် ၇၅ တင်းမှ တင်း ၈၀ အထိ အမျိုးမျိုး ကွဲပြားထွက်ရှိကြောင်း၊ ယခုနှစ်တွင် မြေပဲခင်းအနေဖြင့် တစ်ဧကလျှင် ၈၅ တင်းမှ တင်း ၉၀ ထွက်ရန်လျာထားကြောင်း၊ နှစ်စဉ် အထွက်နှုန်း ကောင်းမွန်ကြောင်း၊ မတ်လ လဆန်းပိုင်းတွင် ရိတ်သိမ်းရမှာဖြစ်ပါကြောင်း ဆောင်းမြေပဲစိုက်ပျိုးတောင်သူ ဦးအောင်ကျော်သူထံမှ သိရှိရသည်။

**မွန်မွန်သက်**



# နိုဝင်ဘာလ တတိယပတ်အတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှုအခြေအနေ

**ရော်ဘာ**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၇၀ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၁၀၀ ကျော် တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် မလေးရှားနိုင်ငံသို့ တန်ချိန် ၇၀၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာ တန်ချိန် ၃၀၀ ကျော်နှင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၁၀၀ ကျော် တင်ပို့ခဲ့သည်။

နိုဝင်ဘာလ တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၃၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု တန်ချိန် ၁၆၃၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၇ သန်းရရှိခဲ့သည်။ နိုဝင်ဘာလ ဒုတိယပတ် ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၃၀၀ ကျော်ပိုမိုတင်ပို့ခဲ့သည်။

**ပြောင်း**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၁၉၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ခဲ့သည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်းတန်ချိန် ၃၂၉၀ တင်ပို့ပြီး မြန်မာ- ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်း ၈၈၅ တန် တင်ပို့ခဲ့သဖြင့် စုစုပေါင်းပြောင်းတန်ချိန် ၄၁၇၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၆ သန်း ရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု တန်ချိန် ၇၃၆၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၁၈ သန်းရရှိခဲ့သည်။

နိုဝင်ဘာလ ဒုတိယပတ် ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် ၂၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

**DAAT**



# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

**ပြည်ကုန်စည်ဒိုင်တွင် ပဲတီစိမ်း၊ ဗိုလ်ကိတ်ပဲသစ်များ ဝင်စ ပြုနေပြီး ပဲမျိုးစုံအရောင်းအဝယ်မှာ သွက်လျက်ရှိသည်။**

**မတ်ပဲ**

နိုဝင်ဘာလ စတုတ္ထပတ် ပြည်ကုန်စည်ဒိုင်၏ မတ်ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၈၈၀၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး ပဲဈေးကျလျက်ရှိသည်။ အရောင်းအဝယ်ဖြစ်မှုမှာ တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ခန့်ရှိသည်။

**ပဲတီစိမ်း**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ပဲတီစိမ်းအသစ်များ တစ်ရက်လျှင် အိတ် ၇၀၀-၈၀၀ ခန့်ဝင်ရောက်မှုရှိပြီး ပဲတစ်တင်းလျှင် ကျပ် ၅၂၃၀၀ ဖြင့် လှော်င်သမားများနှင့် မန္တလေးအဝယ် တစ်ရက်လျှင် အိတ် ၇၀၀ မှ ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ပဲစင်းငုံ**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ဈေးအေးနေခဲ့ပြီး အရောင်းအဝယ်မှာ တစ်ခါတစ်ရံမှသာရှိပြီး အရောင်းအဝယ်ဖြစ်လျှင် အိတ် ၁၀၀ ခန့်သာရှိသည်။

**ကုလားပဲ**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာနောက်ဆုံးပတ်တွင် ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၉၁၀၀၀-၉၂၀၀၀၊ မြကြေးမုံတစ်တင်းလျှင် ကျပ် ၉၁၀၀၀-၉၂၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများနှင့် နယ်စုံရောင်းဝယ်မှုရှိပြီး တစ်ရက်လျှင် အိတ် ၂၀၀ မှ ၃၀၀ ခန့် အဝယ်ရှိသည်။

**ပဲကြီး**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ပဲကြီး (ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၂၀၀၀၊ ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀ဖြင့် မြို့တွင်းပဲကြော်သမားများနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၃၀၀ ခန့် အဝယ်ရှိခဲ့သည်။

**စားတော်ပဲ**

ပြည်ကုန်စည်ဒိုင်၏ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် စားတော်ပဲ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀-၁၂၀၀၀၀ ဖြင့် ဈေး အေးနေခဲ့ပြီး မြို့တွင်းအဝယ်တစ်ရက်လျှင် အိတ် ၁၀/၁၅ ခန့်သာ အဝယ်ရှိခဲ့သည်။

**ဗိုလ်ကိတ်ပဲ**

ပြည်ကုန်စည်ဒိုင်၏ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် ဈေးကျနေပြီး မြို့တွင်းနှင့် ရန်ကုန် အဝယ် တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်သာ အရောင်းအဝယ်ရှိခဲ့ သည်။

ပြည်ကုန်စည်ဒိုင်၏ မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲကြီး၊ စားတော်ပဲ ဈေးများကျပြီး ကျန်ပဲများမှာ ဈေးအေးလျက်ရှိကြောင်း သိရှိ ရသည်။

**မိမိအေး(ပြည်)**

## ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ အောက်ဖော်ပြပါ သိုလှောင်ရုံ(၄)လုံးကို (၃) နှစ်သက်တမ်း (၁)နှစ် တစ်ကြိမ် ချုပ်ဆိုသည့် စာချုပ်တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

Lot(1) (က) မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိသိုရုံအမှတ်(၃)(၁၂၀'x၃၀'x၁၄')(သွပ်၊သွပ်၊ကွန်)

Lot(2) (ခ) မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိသိုရုံအမှတ်(၄)(၁၂၀'x၃၀'x၁၄')(သွပ်၊သွပ်၊ကွန်)

Lot(3) ( ဂ) မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိသိုရုံအမှတ်(၅)(၁၂၀'x၃၀'x၁၄')(သွပ်၊သွပ်၊ကွန်)

Lot(4) (ဃ) မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိသိုရုံအမှတ်(၆)(၁၂၀'x၃၀'x၁၄')(သွပ်၊သွပ်၊ကွန်)

၂။ အဆိုပါ သိုလှောင်ရုံ(၄)လုံးအား(၆.၁၂.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလျှောက်လွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်းဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်တွင် စပေါ်ငွေပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၀၁-၂၅၀၄၃၂ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**
**စားသုံးသူရေးရာဦးစီးဌာန**

စာမျက်နှာ (၂) ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက် ··· မှအဆက်

စိုက်ပျိုးဒေသအလိုက် ကွင်းဆင်းစစ်ဆေးခြင်း၊ အဝယ်ဒိုင်များနှင့် ပြုပြင်ထုပ်ပိုးသည့်စက်ရုံ (Processor) များအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် အပင်ပိုးမွှား ကင်းရှင်းကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ဥရောပသမဂ္ဂနိုင်ငံများသို့ပဲပင်ပေါက်ဖောက်ရန်အတွက် ပဲတီစိမ်းများကို နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၁၅ ခုနှစ်မှ စတင်၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်းတန်ချိန် ၇၄၀၁၃ တန် တင်ပို့ခဲ့ပြီး နှစ်စဉ်တင်ပို့မှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

| ဘဏ္ဍာနှစ် | တင်ပို့တန်ချိန် |
|---|---|
| ၂၀၁၅ ခုနှစ် | ၇၇၅၅. ၂၅၀ |
| ၂၀၁၆ ခုနှစ် | ၇၁၆၃. ၃၇၅ |
| ၂၀၁၇ ခုနှစ် | ၁၁၁၆၀. ၀၇၅ |
| ၂၀၁၈ ခုနှစ် | ၈၁၅၇. ၂၅၀ |
| ၂၀၁၉ ခုနှစ် | ၈၀၇၃. ၆၂၅ |
| ၂၀၂၀ ပြည့်နှစ် | ၅၀၅၃. ၇၅၀ |
| ၂၀၂၁ ခုနှစ် | ၉၆၇၅. ၂၅၀ |
| ၂၀၂၂ ခုနှစ် | ၈၅၇၈. ၁၂၅ |
| ၂၀၂၃ ခုနှစ်၊ မတ်လမှ အောက်တိုဘာလ | ၈၃၉၇. ၀၂၅ |
| **စုစုပေါင်း** | **၇၄၀၁၃. ၇၂၅** |

၂၀၂၄ ခုနှစ် ပဲရာသီတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများ တင်ပို့နိုင်ရေးအတွက် တင်ပို့လိုသည့် အဆိုပြုကုမ္ပဏီများ ဖိတ်ခေါ်ခြင်း၊ တောင်သူပညာပေးသင်တန်းများ ပို့ချခြင်း၊တောင်သူ၊ အဝယ်ဒိုင်နှင့် ပြုပြင်ထုပ်ပိုးသည့်စက်ရုံ စစ်ဆေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန် မြန်မာပဲများ တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ဒုတိယထပ် အစည်းအဝေးခန်းမတွင် Hybrid System ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများ တင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးက ၂၀၂၃ ခုနှစ် ပဲရာသီ ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများ တင်ပို့မှုနှင့် ၂၀၂၄ ခုနှစ် ပဲရာသီအတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသည့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက ယခင်နှစ် မြန်မာပဲများ တင်ပို့နိုင်ရန် တောင်သူပညာပေးသင်တန်းပို့ချခြင်း၊ စစ်ဆေးခြင်းနှင့် Certificate ထုတ်ပေးခြင်းနှင့် ၂၀၂၄ ခုနှစ် ပဲရာသီတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲတီစိမ်းများ တင်ပို့လိုသည့် အဆိုပြုကုမ္ပဏီအသစ် လေးခု အပါအဝင် စုစုပေါင်း ကုမ္ပဏီ ၁၀ ခုတို့မှ တောင်သူများကို တောင်သူပညာပေး သင်တန်းပို့ချပေးနိုင်မည့် အခြေအနေ၊ တောင်သူစိုက်ကွင်း၊ အဝယ်ဒိုင်များစစ်ဆေးမည့် အခြေအနေများအပေါ် ဆွေးနွေးသုံးသပ် အကြံပြုခဲ့ကြသည်။

တောင်သူပညာပေးသင်တန်းများ ပို့ချရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက GAP/GHP ဆိုင်ရာ ဘာသာရပ်များအား ပို့ချခြင်းဖြင့်လည်းကောင်း၊ အဆိုပါ တောင်သူပညာပေးသင်တန်းဖွင့်လှစ်ရာတွင် ကုန်ကျစရိတ်အဝဝအား ပဲတင်ပို့သူအစုအဖွဲ့က ကုန်ကျစရိတ်များ ပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၁ .၁၂ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | MFC FORTUNE | ကုန်သေတ္တာ ၄၃၂ တင် ၄၇၃ ချ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | SITC CHENMING | ကုန်သေတ္တာ ၄၁၁ တင် ၃၇၃ ချ(ပူးတွဲလုပ်ဆောင်) |
| | UNI ACTIVE | ကုန်သေတ္တာ ၆၁၅ တင် ၂၈၈ ချ (ပူးတွဲလုပ်ဆောင် ) |
| | ISEACO WISDOM | ကုန်သေတ္တာ ၆၆၉ တင်၅၇၆ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | METHI BHUM | ကုန်သေတ္တာ ၆၇၃ တင် ၅၂၃ ချ (ပူးတွဲလုပ်ဆောင်) |
| | SINAR BAJO | ကုန်သေတ္တာ ၈၄၉တင်၄၄၅ ချ (လုပ်ဆောင်ရန်အသင့်စောင့်နေ) |
| အလုံဆိပ်ကမ်းအမှတ်(၁) | DONG PHU | ပြောင်းဖူး ၁၂၅၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | SEA FOREST | ဆန် ၉၀၀၀ တန်တင်ဆဲ |
| YIGT ဆိပ်ကမ်း | LONG TAN-88 | Urea 5395 တန်ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | MERSK VALENCIA | ကုန်သေတ္တာ ၈၇၆တင် ၇၄၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | SS-2 | ဆန် ၁၀၀၀၀ တန်တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | MERSK VALENCIA | ကုန်သေတ္တာ၄၀၅ တင်၃၆၄ ချရန်ရှိ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | CHANG YANG JIN HUA | Steel ၁၉၉၅၀ တန် ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MT.W BLOSSOM | P.Oil(In Bulk)၈၅၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MESON | P.Oil(In Bulk)၃၅၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ


| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LONG TAN -88 | Urea တန်ချိန် ၅၄၀၀ တန်ချရန် | BRUNEI | ၂.၁၂.၂၀၂၃ |
| CHANG YANG JIN HUA | Steel ၁၉၉၅၀ တန်ချရန် | MALAYSIA | ၄.၁၂.၂၀၂၃ |
| AQULA GLORY | Iron Slag ၁၁၆၅၀ တန်ချရန် | JAPAN | ၅.၁၂.၂၀၂၃ |
| CHANG LONG | Rice ၁၁၀၀၀ တန်တင်ရန် | INDONESIA | ၆.၁၂.၂၀၂၃ |
| ZHE HAI | Steel ၁၉၀၈၉ တန်ချရန် | CHINA | ၁၁.၁၂.၂၀၂၃ |
| ITALIDA-2 | Soy Bean Meal, ၂၃၇၆၀ တန်ချရန် | BRAZIL | ၁၂.၁၂.၂၀၂၃ |
| VTC OCEAN | Rice(50kg-Bags) ၂၀၀၀၀ တန်တင်ရန် | INDONESIA | ၁၅.၁၂.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MAERSK VALENCIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂.၁၂.၂၀၂၃ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၂.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၂.၂၀၂၃ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၂.၂၀၂၃ |
| SINAR BAJO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၂.၂၀၂၃ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၂.၂၀၂၃ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၂.၂၀၂၃ |
| KOTA RUKUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၂.၂၀၂၃ |
| SITC CHANGMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁၂.၂၀၂၃ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁၂.၂၀၂၃ |

## ၁၆-၁၁-၂၀၂၃ မှ ၂၉-၁၁-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 545 | 7 | - | - | - | 552 |
| | Form AANZ | 9 | - | - | - | - | 9 |
| | Form AHK | 3 | - | - | - | - | 3 |
| | Form AI | 312 | 5 | - | - | - | 317 |
| | Form AJ | 32 | 2 | - | - | - | 34 |
| | Form AK | 191 | - | - | - | - | 191 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 13 | - | - | - | - | 13 |
| | Form E | 544 | 5 | - | - | - | 549 |
| | Form Korea | 18 | - | - | - | - | 18 |
| | E Form D | 425 | - | - | - | - | 425 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2092 | 19 | - | - | - | 2111 |



# ပွင့်လင်းရာသီအရောင်းအဝယ်သွက်နေသော ပုသိမ်ထီးဈေးကွက်

**မင်းမင်းဦး (ပသ)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ထုတ်လုပ်ရောင်းချနေသော ဈေးကွက်ဝင် မြန်မာ့လက်မှုရိုးရာ ပုသိမ်ထီးများကို ပြည်တွင်း/ပြည်ပ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော်လည်း မိုးရာသီမှာ အရောင်းအဝယ်အေး၍ ပွင့်လင်းရာသီ ဧည့်ခရီးသွားများ အများဆုံး လာရောက်သည့်အတွက် အရောင်းအဝယ် သွက်လျက်ရှိကြောင်း နိုဝင်ဘာလအတွင်း ပြည်ပဈေးကွက်တွင် ငွေဆောင်၊ ချောင်းသာကမ်းခြေဒေသသို့ လာရောက်လည်ပတ်သည့် ရုရှား၊ ဂျာမနီ၊ အမေရိကန်၊ ဩစတြေးလျ၊ ထိုင်းနိုင်ငံသားများမှ အများဆုံး လာရောက်ဝယ်ယူလျက်ရှိသော ထီးအမျိုးအစားများမှာ အလှဆောင်ထီးနှင့် ကနုတ်ထီးများဖြစ်ပြီး ၁၂ လက်မ ၇၅၀၀ ကျပ်၊ ၁၄ လက်မ ကျပ် ၉၀၀၀၊ ၁၅ လက်မ ကျပ် ၁၂၀၀၀၊ ၁၈ လက်မ ကျပ် ၂၅၀၀၀ ဈေးနှင့် ၆ ပေထီး ၇၅၀၀၀ ကျပ် ရှစ်ပေထီး ကျပ် ၁၀၀၀၀၀ ဈေးရှိပြီး ရန်ကုန်ကုမ္ပဏီများမှ တစ်ဆင့်လည်း ပြည်ပသို့ တင်ပို့ရောင်းချမှုရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ငွေဆောင်၊ ချောင်းသာ၊ ငပလီ ကမ်းခြေသုံးထီးများနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံညောင်ဦး၊ အင်းလေး၊ မော်လမြိုင်မြို့များတွင် ဟိုတယ်အလှဆင်ထီးများ ဝယ်ယူလျက်ရှိကြောင်း၊ ၎င်းအပြင် ရန်ကုန်၊ မော်လမြိုင်၊ တောင်ကြီး၊ ပြင်ဦးလွင်၊ ပြည်၊ မကွေး၊ စစ်ကိုင်း၊ ဟုမ္မလင်း၊ သထုံ၊ စစ်တွေ၊ မြန်အောင်နှင့် အခြားမြို့များမှလည်း အလှဆောင်းထီးနှင့် ကနုတ်ထီး အလက်ရေ ၁၅၀၀-၂၀၀၀ ခန့် ဝယ်ယူရန် အမှာစာများ ရရှိပြီး တင်ပို့ရောင်းချလျက်ရှိကြောင်း ထီးလုပ်ငန်းရှင်ထံမှ သိရသည်။

ပုသိမ်ထီးပြုလုပ်ရာတွင် သစ်၊ ထီးရိုးဝါး၊ သရက္ကူဝါး၊ တယ်သီး၊ ဖဲဖျင်၊ ပိတ်စ၊ ပြည်တွင်း ဒေသထွက်ကုန်များကို အသုံးပြု၍ ပြုလုပ်ထားပြီး ပြည်ပနိုင်ငံမှ ဝယ်ယူသည့် ကုန်ကြမ်းပစ္စည်းများမပါဝင်ဘဲ မြန်မာအနုပညာကို ဖော်ထုတ်ထားသည့် ဆေးဆိုးခြင်း၊ ကနုတ်ပန်းချီရေးဆွဲခြင်း ပုဂံခေတ်ရိုးရာပန်းချီကားပုံ၊ ရှုခင်းပုံ စသည်တို့ဖြင့် အလှဆင်ထားပြီး ထီးတစ်ချောင်းလုံးကို လက်ဖြင့်သာ ပြုလုပ်ထားသောကြောင့် ပြည်ပနိုင်ငံသားများ Hand Made လက်မှုအနုပညာတစ်ခုအနေဖြင့် လူကြိုက်များကြောင်း ပုသိမ်ထီး ပြုလုပ်ရာတွင် ရဟန်းဆောင်းထီး၊ သီလရှင် ဆောင်းထီး၊ ဝါးတစ်လုံးထီး၊ စားပွဲတင်ထီး၊ မီးအိမ်ထွန်းထီး၊ အလှဆောင်းထီး၊ ကမ်းခြေသုံးထီး၊ အမျိုးမျိုးပြုလုပ် ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုလက်ရာ အနုပညာဖြစ်သော ပုသိမ်ထီးလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာတစ်ဝန်း အောင်မြင်ကျော်ကြားမှုရှိစေရေး ရိုးရာအမွေအနှစ်များ တိမ်မြုပ် ပျောက်ကွယ်ခြင်း မရှိစေရန်သာမက ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ပုသိမ်ထီးဈေးကွက် ပိုကျယ်ပြန့်လာစေရန်နှင့် အောင်မြင်တိုးတက်မှုများ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရသည်။

## ပြည်ပဆန်ဈေးနှုန်းများ

၂၉-၁၁-၂၀၂၃ မှ ၅-၁၂-၂၀၂၃

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 535 - 545 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 550 - 560 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 545 - 550 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 570 - 590 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 560 - 570 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 555 - 560 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630 - 640 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 620 - 630 | |
| 24 | A-1 , 2 (Sortexed) | 440 - 450 | |
| 25 | B-1 , 2 (Sortexed) | 430 - 440 | |
| 26 | B-1,2 (Non-Sortexed) | 415 - 425 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

စာမျက်နှာ (၃) ကမ္ဘာ့အကြီးဆုံး စားသောက်ကုန် ထုတ်လုပ်သူ ··· မှအဆက်

### အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုသည် လယ်ယာထွက်ကုန်တွင် အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ပြောင်း၊ ပဲပိစပ်၊ နို့ထွက်ပစ္စည်း၊ ဂျုံနှင့် ကြံတို့သည် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ထိပ်ဆုံးငါးခု ဖြစ်သည်။ မကြာသေးမီ ဆယ်စုနှစ်များအတွင်းက အမေရိကန်ပြည်ထောင်စုတွင် စိုက်ဧက သိသိသာသာ ကျဆင်းသွားသော်လည်း သီးနှံအထွက်နှုန်းမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၉ ဘီလီယံဖြင့် ၂၀၁၉ ခုနှစ်တွင် အမေရိကန်သည် ကမ္ဘာ့ထိပ်တန်း လယ်ယာထွက်ကုန် တင်ပို့သူဖြစ်ခဲ့ဖူးသည်။ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ပို့ကုန်တန်ဖိုးသည် စံချိန်တင်ဒေါ်လာ ၁၇၇ ဘီလီယံအထိ တိုးလာကာ တရုတ်နိုင်ငံသို့ တင်ပို့မှု ၂၅ ရာခိုင်နှုန်း တိုးလာပြီး ယင်းမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၀ ရှိသည်။ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေးထွက်ကုန်များကို တင်သွင်းသည့် ထိပ်တန်းတင်သွင်းသူများထဲတွင် ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကယ်လီဖိုးနီးယားပြည်နယ်သည် စိုက်ပျိုးရေးထုတ်လုပ်မှု၏ ၁၃ ဒသမ ၅ ရာခိုင်နှုန်း ရှိပြီး နို့ထွက်ပစ္စည်း၊ ဗာဒံစေ့နှင့် စပျစ်သီးများထွက်ရှိကာ အခြားပြည်နယ်များထက် နှစ်ဆနီးပါး ပိုများသည်။ ကိုဗစ် ကပ်ရောဂါ၏ အစောပိုင်းအဆင့်တွင် စားသောက်ကုန်ထုတ်လုပ်မှု ကျဆင်းသွားပြီးနောက် အဓိက လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းများသည်လည်း ၂၀၂၁ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာကာ ၂၀၂၂ ခုနှစ် အစောပိုင်းတွင်မူ ယူကရိန်းနှင့် ရုရှားတို့ စစ်မက်ဖြစ်ပွားမှုကြောင့် ဈေးကွက် ကမောက်ကမဖြစ်ခဲ့ရသည်။

### ဘရာဇီးနိုင်ငံ

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ စတုတ္ထအဆင့် စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး အထွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၈ ဘီလီယံရှိသည်။ ဘရာဇီးနိုင်ငံ လယ်ယာထွက်ကုန်၏ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၃ ဘီလီယံသည် စားနပ်ရိက္ခာဖြစ်သည်။

ကြံစိုက်ပျိုးမှုသည် ဘရာဇီးနိုင်ငံ၏ စီးပွားရေးဖြစ်သကဲ့သို့ ဘရာဇီးသမိုင်းတွင် ကြံကို အာရုံစိုက်ခဲ့သည်။ စိုက်ပျိုးရေးတွင် အလုပ်ခန့်ထားသော လုပ်သားအချိုးအစားသည် လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း ဆက်တိုက်ကျဆင်းလာခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၉ ရာခိုင်နှုန်း ကျဆင်း သွားခဲ့သည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲပိစပ်၊ သကြားကြမ်းနှင့် ကြက်ငှက်များကို ထိပ်တန်းတင်ပို့သည့်နိုင်ငံဖြစ်သည်။ ၎င်း၏ ပဲပုပ်တင်ပို့မှုသည် နိုင်ငံတစ်ခုတည်းမှ စိုက်ပျိုးရေးထွက်ကုန် တစ်ခုအတွက် အကြီးမားဆုံး ဖြစ်သည်။

Source; Investopedia

# ဒစ်ဂျစ်တယ်ကုန်သွယ်မှုအပေါ် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၏ သက်ရောက်မှုများ

ငြိမ်းဝေနှင်း (ရန်ကုန်စားသုံး)

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) သည် ပိုမိုကောင်းမွန်သော ဘဝနေထိုင်မှုများအတွက် ပိုမိုကောင်းမွန်သော မူဝါဒများ တည်ဆောက်ရန် လုပ်ဆောင်သည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်း၏ရည်မှန်းချက်မှာ အားလုံးအတွက် သာယာဝပြောရေး၊ တန်းတူညီမျှမှု၊ အခွင့်အလမ်းနှင့် သုခချမ်းသာကို ဖြစ်စေသော မူဝါဒများကို ပုံဖော်ရန်ဖြစ်သည်။ မနက်ဖြန် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ရန် အနှစ် ၆၀ အတွေ့အကြုံနှင့် ထိုးထွင်းဉာဏ်များကို ၎င်းတို့က ရေးဆွဲထားသည်။

အစိုးရများ၊ မူဝါဒချမှတ်သူများနှင့် နိုင်ငံသားများနှင့်အတူ ကျွန်ုပ်တို့သည် အထောက်အထား အခြေခံသော နိုင်ငံတကာစံနှုန်းများကို ချမှတ်ကာ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာအတွက် အဖြေရှာရန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)မှ လုပ်ဆောင်နေသည်။ စီးပွားရေး စွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် အလုပ်အကိုင်များ ဖန်တီးခြင်းမှ ခိုင်မာသောပညာရေးနှင့် နိုင်ငံတကာ အခွန်ရှောင်ခြင်းများကို တိုက်ဖျက်ခြင်းအထိ ၎င်းတို့သည် ဒေတာနှင့် ခွဲခြမ်းစိတ်ဖြာမှု၊ အတွေ့အကြုံများဖလှယ်မှု၊ အကောင်းဆုံး အလေ့အကျင့် မျှဝေမှု၊ အများသူငှာ မူဝါဒများနှင့် နိုင်ငံတကာစံနှုန်း သတ်မှတ်မှုဆိုင်ရာ အကြံဉာဏ်များအတွက် ထူးခြားသော ဖိုရမ်နှင့် အသိပညာ အချက်အချာကို ပေးဆောင်သည်။

ကုန်သွယ်မှုအပေါ် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၏ သက်ရောက်မှု၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံတကာ ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်မှု ကုန်ကျစရိတ်များကို လျှော့ချပေးကာ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ Global Value Ahains (GVCs) ၏ ပူးပေါင်းညှိနှိုင်းမှုကို အထောက်အကူဖြစ်စေပြီး အတွေးအခေါ်များနှင့် နည်းပညာများကို ပျံ့နှံ့စေကာ တစ်ကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်းနှင့် စားသုံးသူအများအပြားကို ချိတ်ဆက်ပေးနိုင်ခဲ့သည်။ နိုင်ငံတကာ ကုန်သွယ်မှုတွင် ထိတွေ့ဆက်ဆံရာ၌ လွယ်ကူစေရန် လုပ်ငန်းပုံစံသစ်များကို လက်ခံကျင့်သုံးခြင်းက နိုင်ငံတကာ ကုန်သွယ်မှုနှင့် မူဝါဒဆိုင်ရာ ပြဿနာတွေကို ပိုမိုရှုပ်ထွေးမှု ဖြစ်ပေါ်စေနိုင်သည်။

ဒစ်ဂျစ်တယ် ကုန်သွယ်မှုဆိုသည်မှာ အသိအမှတ်ပြု လက်ခံထားသော တစ်ခုတည်းသော အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသော်လည်း ၎င်းသည် ဒစ်ဂျစ်တယ်စနစ်ဖြင့် သို့မဟုတ် ရုပ်ပိုင်းအရ ပေးပို့နိုင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် သို့မဟုတ် ရုပ်ပိုင်းအရ ပေးပို့နိုင်သော၊ စားသုံးသူများ၊ ကုမ္ပဏီများနှင့် အစိုးရများပါဝင်သည့် ဒစ်ဂျစ်တယ်စနစ်ဖြင့် အသုံးပြုနိုင်သည့် အရောင်းအဝယ်လုပ်ငန်းများကို လွှမ်းခြုံထားသည့် တိုးပွားလာသော သဘောတူညီမှုတစ်ခု ရှိသည်။ ဆိုလိုသည်မှာ ဒစ်ဂျစ်တယ် ကုန်သွယ်မှု ပုံစံအားလုံးကို ဒစ်ဂျစ်တယ် နည်းပညာများဖြင့် ဖွင့်ထားသော်လည်း ဒစ်ဂျစ်တယ်ကုန်သွယ်မှု အားလုံးကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးပို့ခြင်း မဟုတ်ပါ။ ဥပမာအားဖြင့်ဒစ်ဂျစ်တယ် ကုန်သွယ်မှုတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဖွင့်ထားသော်လည်း အွန်လိုင်းဈေးကွက်မှတစ်ဆင့် စာအုပ်တစ်အုပ် ဝယ်ယူခြင်း သို့မဟုတ် ကိုက်ညီသော အက်ပ် (Application) ဖြင့် တိုက်ခန်းတစ်ခုတွင် နေထိုင်ရန် ကြိုတင်စာရင်းသွင်းခြင်းကဲ့သို့သော ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ပို့ဆောင်ပေးသည်။

ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို အရင်းပြုခြင်းသည် ဒေတာရွှေ့လျားမှုဖြစ်သည်။ ဒေတာသည် ထုတ်လုပ်မှု နည်းလမ်းတစ်ခုသာမက ၎င်းသည် ကိုယ်တိုင်ရောင်းဝယ် ဖောက်ကားနိုင်သည့် ပိုင်ဆိုင်မှုတစ်ခုဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ Global Value Chains( GVCs) များကို စုစည်းပြီး ဝန်ဆောင်မှုများပေးအပ်သည့် နည်းလမ်းဖြစ်သည်။ ၎င်းသည် ကုန်သွယ်မှု လွယ်ကူချောမွေ့မှုကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်မှုကို တိုက်ရိုက်လျှော့နည်းစေသည်။ ဒေတာသည် Cloud Computing Internet of Things (IoT) နှင့် ဖြည့်စွက်ပစ္စည်းများ Additives ထုတ်လုပ်မှုကဲ့သို့သော ဝန်ဆောင်မှုပေးသည့် ပုံစံအသစ်များနှင့် လျင်မြန်စွာ ကြီးထွားလာနေသော ဒေတာများသည်လည်း အဓိကဖြစ်သည်။

ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် ကုန်သွယ်မှု၏ အတိုင်းအတာ၊ နယ်ပယ်နှင့် အရှိန်ကို တိုးစေသည်။ ၎င်းသည် ကုမ္ပဏီများအား ကမ္ဘာတစ်ဝန်းရှိ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ချိတ်ဆက်ထားသော ဖောက်သည်အများအပြားထံသို့ ထုတ်ကုန် အသစ်များနှင့် ဝန်ဆောင်မှုအသစ်များ ယူဆောင်လာစေရန် ခွင့်ပြုပေးသည်။ တိုးတက်မှုအတွက် အတားအဆီးများကို ကျော်လွှားနိုင်ရန်၊ ငွေပေးချေမှုများကို လွယ်ကူချောမွေ့အောင် ကူညီပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ cloud-based ဝန်ဆောင်မှုများအသုံးပြုခြင်းဖြင့် ပုံသေပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများကို ရှောင်ရှားခြင်း၊ cloud-based ဝန်ဆောင်မှုများကို အသုံးပြုခြင်းမှ ရှောင်ရှားရန်နှင့် အစားထိုး ရန်ပုံငွေယန္တရားများကို အသုံးပြုခြင်းကဲ့သို့သော ဆန်းသစ်သော ဒစ်ဂျစ်တယ် ကိရိယာများကို အသုံးပြုနိုင်ရန်၊ အထူးသဖြင့် အသေးစားကုမ္ပဏီများ၊ လူစုလူဝေး ရန်ပုံငွေတို့ဖြစ်သည်။

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးသည် ကျွန်ုပ်တို့ ကုန်ပစ္စည်းများ ရောင်းဝယ်ပုံကိုလည်း ပြောင်းလဲစေသည်။ ဥပမာအားဖြင့် အွန်လိုင်း ပလက်ဖောင်းများ ကြီးထွားလာခြင်းကြောင့် နိုင်ငံတကာနယ်စပ်များတစ်လျှောက်တွင် ပက်ကေ့ဂျ်ငယ်များ အရေအတွက် တိုးလာစေသည်။ ၎င်းသည် ပါဆယ် အရောင်းအဝယ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုမှအစ မူဝါဒချမှတ်သူများအတွက် ပြဿနာများစွာကို ဖြစ်ပေါ်စေသည်။ အန္တရာယ်စီမံခန့်ခွဲမှုအတွက် သက်ရောက်မှုများအထိ ကုန်ပစ္စည်းအတု သို့မဟုတ် ဇီဝလုံခြုံရေးစံနှုန်းများဆိုင်ရာနှင့်ဆက်စပ်၍ ဝင်ငွေသက်ရောက်မှုများအထိ အကောက်ခွန်နှင့် အခွန်ကောက်ခံမှုဖြစ်သည်။

တစ်ချိန်တည်းမှာပင် နည်းပညာအသစ်များနှင့် လုပ်ငန်းပုံစံများသည် ဝန်ဆောင်မှုများကို ထုတ်လုပ်ပုံနှင့် ပံ့ပိုးပေးပုံတို့ကို ပြောင်းလဲလျက်ရှိပြီး ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် ပေးပို့မှုပုံစံများကြားရှိပြီးသား မီးခိုးရောင်ခွဲခြားမှုများကို မှုန်ဝါးစေကာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအသစ်များကို ပေါင်းစပ်မိတ်ဆက်ခြင်း၊ စမတ်ရေခဲသေတ္တာတစ်လုံးသည် ကောင်းမွန်သောဈေးကွက်အတွက်သာမက ထည့်သွင်းထားသော ဝန်ဆောင်မှုအတွက်ပါ ဈေးကွက်ဝင်ရောက်ရန် လိုအပ်သည်။ ဥပမာအားဖြင့် 3D ပရင့်ထုတ်ခြင်းမှ ထုတ်လုပ်သော ဆောင်းပါးတစ်ပုဒ်သည် ဒီဇိုင်း ဝန်ဆောင်မှု တစ်ခုအဖြစ် နယ်နိမိတ်တစ်ခုကို ဖြတ်ကျော်နိုင်သော်လည်း ၎င်း၏စားသုံးမှုတွင် ကောင်းမွန်သည်။ အဆိုပါ ပြဿနာများသည် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ပုံအတွက် စိန်ခေါ်မှုအသစ်များ ဖြစ်ပေါ်လာစေသည်။

လျင်မြန်သော နည်းပညာတိုးတက်မှုများသည် နိုင်ငံတကာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ဝန်ဆောင်မှုများ တိုးမြင့်လာစေရန် ကူညီပေးသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဝန်ဆောင်မှုများသည် ဒစ်ဂျစ်တယ် ကုန်သွယ်မှု၏ ကျောရိုးဖြစ်လာပြီး လိုအပ်သော ကွန်ရက်အခြေခံ အဆောက်အအုံကို ပံ့ပိုးပေးကာ အခြား ဝန်ဆောင်မှုအမျိုးအစားများ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အပံ့ပေးသည်။ နည်းပညာအသစ်များသည် cloud computing ကဲ့သို့သော data-driven ဆန်းသစ်သော ဖြေရှင်းချက်များအတွက် ဝန်ဆောင်မှုအသစ်များ တည်ဆောက်ခြင်းဖြင့် ပံ့ပိုးပေးထားသည့် ဒစ်ဂျစ်တယ်စနစ်သုံး ဝန်ဆောင်မှုများ ထွန်းကားလာစေရန် ကူညီပေးပါသည်။ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးလောကတွင် ကုန်သွယ်မှု ပြဿနာဟောင်းများ-ပါဆယ်ကုန်သွယ်ခြင်းဆိုင်ရာ ရှုပ်ထွေးသော နယ်စပ်လုပ်ထုံးလုပ်နည်းများ၏ အကျိုးသက်ရောက်မှုများ သို့မဟုတ် အသစ်သော ရောင်းဝယ်နိုင်သော ဝန်ဆောင်မှုများအပေါ် ကန့်သတ်ချက်များကဲ့သို့သော အကျိုးဆက်များ ကုန်သွယ်ရေးမူဝါဒဆိုင်ရာ ပြဿနာအသစ်များ ပေါ်ပေါက်လာနေသည်။ ဥပမာ-နိုင်ငံအချင်းချင်း ကွဲပြားခြားနားသော စည်းမျဉ်းများ ဒေတာစီးဆင်းမှုဆီသို့။

မူဝါဒ ချမှတ်သူများသည် ဆန်းသစ်တီထွင်မှုကို ပြုစုပျိုးထောင်ပေးပြီး ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို မြှင့်တင်ပေးသည့် ပတ်ဝန်းကျင်ကို ဖန်တီးရာတွင် မူဝါဒချမှတ်သူများအား ကူညီရန်အတွက် ဤပြောင်းလဲမှုများ၏ သဘောသဘာဝနှင့် အတိုင်းအတာကို ပိုမိုနားလည်ရန် လိုအပ်သည်။

ဤပြောင်းလဲမှုများသည် မကြုံစဖူး အမြန်နှုန်းဖြင့် ဖြစ်ပေါ်နေသည်။ အပြန်အလှန် ဆက်နွယ်မှု ကြီးထွားလာခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းအတွက် ဝယ်လိုအား ပိုများလာခြင်းကြောင့် ကုန်သွယ်မှုသည် ယခင်ကထက် ပိုမိုမြန်ဆန်ပြီး ယုံကြည်စိတ်ချရမှုရှိရန် လိုအပ်သည်။

ဝန်ဆောင်မှုများအတွက် ဆိုလိုသည်မှာ စားသုံးသူများသည် ၎င်းတို့ လိုအပ်သည့်အချိန်တွင် ၎င်းတို့လိုအပ်သည့်ဝန်ဆောင်မှုများကို ချက်ချင်းလက်ငင်း ဝင်ရောက်နိုင်စေရန် ဝယ်လိုအားဖြင့် ပေးပို့နိုင်ခြင်းဖြစ်သည်။ ကုန်စည်အတွက် ဆိုလိုသည်မှာ ကုန်သွယ်မှု လွယ်ကူစေရန်အတွက် ဒစ်ဂျစ်တယ် ဖြေရှင်းနည်းများကို အသုံးပြု၍ ကုန်စည်များ နယ်စပ်ဖြတ်ကျော် လျင်မြန်စွာ ရွှေ့လျားနိုင်စေရန် ကူညီပေးသည်။

ကုန်ပစ္စည်းများသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဟုတ်၊ မဟုတ်နှင့် ၎င်းတို့ဖြတ်ကျော်သော နယ်နိမိတ်များကို ခွဲခြားသတ်မှတ်ခြင်းအတွက် ကုန်သွယ်မှုစည်းမျဉ်းများကို ရှေးယခင်ကတည်းက ကြိုတင်သတ်မှတ်ထားသည်။ သို့သော် ဒစ်ဂျစ်တယ်ခေတ်တွင် ဤထူးခြားချက်များသည် အမြဲတမ်း ရှင်းရှင်းလင်းလင်း ဖြတ်တောက်နိုင်မည်မဟုတ်ပေ။ ယခုအခါ လုပ်ငန်းများသည် မတူညီသောနေရာများမှ လိုက်လျောညီထွေစွာ လည်ပတ်နိုင်ပြီး ဝန်ဆောင်မှုများနှင့်အတူ ကုန်ပစ္စည်းများ ထုပ်ပိုးနိုင်သောကြောင့် တိကျသော အရောင်းအဝယ်ဆိုင်ရာ ကုန်သွယ်ရေး စည်းမျဉ်းများကို ခွဲခြားသတ်မှတ်ရန် ခက်ခဲစေသည်။ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းသည် မူဝါဒချမှတ်သူများအား ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှ ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာဖော်ထုတ်ပြီး တုံ့ပြန်ကူညီခြင်းဖြင့် ဆက်လက်ဆွေးနွေးငြင်းခုံမှုများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားသည်။ ၎င်းတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို သတ်မှတ်ခြင်းနှင့် တိုင်းတာခြင်းမှ ခွဲခြမ်းစိတ်ဖြာခြင်း အပါအဝင် ဝန်ဆောင်မှုများ ကန့်သတ်ခြင်းနှင့် သက်ဆိုင်သော၊ ဒေတာစီးဆင်းမှု စည်းမျဉ်း သို့မဟုတ် 3D ပရင့်ထုတ်ခြင်းကဲ့သို့သော နည်းပညာသစ်များ ကဲ့သို့သော နည်းပညာအသစ်များ အပါအဝင် ဒစ်ဂျစ်တယ်ခေတ်တွင် ဈေးကွက်ပွင့်လင်းမှုဟူသည် ကုန်သွယ်မှု မူဝါဒအတွက်ဖြစ်သည်။ အဖွဲ့အစည်း၏ Going Digital Initiative သည် ဒစ်ဂျစ်တယ် အသွင်ပြောင်းခြင်းဆိုင်ရာ ခေါင်းစဉ်များတစ်လျှောက် ဒစ်ဂျစ်တယ် အသွင်ပြောင်းခြင်းဆိုင်ရာ အသိပညာကို မြှင့်တင်ရန် ရည်ရွယ်သည်။

ယနေ့ခေတ်တွင် လျင်မြန်ပြီး ချိတ်ဆက်မှုရှိသော ကမ္ဘာတွင် အစိုးရများသည် ဒစ်ဂျစ်တယ် အနှောင့်အယှက်များမှဖြစ်ပေါ်လာသည့် ပြဿနာများကို စီမံခန့်ခွဲရာတွင်သာမက ဒစ်ဂျစ်တယ်ကုန်သွယ်မှုမှ အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများကိုပါ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ သိရှိနားလည်ပြီး မျှဝေခံစား နိုင် စေရန် ရည်ရွယ်၍ ရေးသားဖော်ပြလိုက်ရပါသည်။

> **ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် ကုန်သွယ်မှု၏ အတိုင်းအတာ၊ နယ်ပယ်နှင့် အရှိန်ကို တိုးစေသည်။ ၎င်းသည် ကုမ္ပဏီများအား ကမ္ဘာတစ်ဝန်းရှိ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ချိတ်ဆက်ထားသော ဖောက်သည်အများအပြားထံသို့ ထုတ်ကုန်အသစ်များနှင့် ဝန်ဆောင်မှုအသစ်များ ယူဆောင်လာစေရန် ခွင့်ပြုပေးသည်။**

**Source - The impact of digitalization on trade Ref: https://www.economicsdiscussion.net/trade/ Digital trade/ The impact of digitalisation on trade**

# ယခုတစ်ပတ်အတွင်း ဓာတ်မြေသြဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေသြဇာ**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၃၆ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၉၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၆၀၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၅၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေသြဇာတန်ချိန် ၂၀၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေသြဇာတန်ချိန် ၄၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၆ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၄၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၅၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၄၀ခန့် တင်သွင်းခဲ့ ကြောင်း သိရသည်။

နယ်စပ်မှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၀ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၁၆၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

**အိမ့် (DOT)**



# ယခုတစ်ပတ်အတွင်း နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**နို့မှုန့်**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁ သန်းတန်ဖိုးရှိ နို့မှုန့် တန်ချိန် ၁၀၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၅၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်းသိရ သည်။

**ဆေးဝါးပစ္စည်းများ**

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၅၀ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၃၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၈.၁၁.၂၀၂၃)ရက်နေ့မှ (၃.၁၂.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 959 |
| ပျမ်းမျှငွေလဲနှုန်း | 2758 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,306,153 | 5.40 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ပျမ်းမျှငွေလဲနှုန်း | 26,449,220 | 43.19 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 100,695,000 | 164.43 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 8,687,700 | 14.19 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 40,278,000 | 65.77 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 1.167% | 30,866,240 | 50.40 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 34100000 | 55.68 |
| | **အထွေထွေစရိတ်ပေါင်း** | | **154,235,440** | **513.30** |
| ၁၆ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | **2,644,922,000** | **4,319.02** |
| | **စရိတ်စုစုပေါင်း** | | **2,799,157,440** | **4,832.32** |

## ရွှေရည်ညွှန်းဈေး ကျပ် ၃၂၁၂၀၀၀ ရှိ

ပြည်တွင်း ရွှေရည်ညွှန်းဈေးမှာ နိုဝင်ဘာ ၃၀ ရက်နေ့ ပေါက်ဈေးအရ ကျပ်သိန်း ၃၂၁၂၀၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စ ၂၀၄၅ ဒေါ်လာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ သိရသည်။

တန်ဆောင်တိုင်ပိတ်ရက်ကာလ မတိုင်မီက ရွှေရည်ညွှန်းဈေး ကျပ် ၃၁ သိန်းဝန်းကျင်ရှိရာမှ နိုဝင်ဘာလ နောက်ဆုံးအပတ်တွင်တော့ တရိပ်ရိပ် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေရည်ညွှန်းဈေးနှုန်းများအနေဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် ၃၁၃၀၃၀၀၊ ၂၅ ရက်တွင် ကျပ် ၃၁၄၄၄၀၀၊ ၂၈ ရက်တွင် ကျပ် ၃၁၆၁၇၀၀၊ ၂၉ ရက်တွင် ကျပ် ၃၂၀၇၃၀၀ ဖြစ်ကြောင်း သိရသည်။ ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ နိုဝင်ဘာ ၂၄ ရက်တွင် ၁၉၉၃ ဒေါ်လာ၊ ၂၅ ရက် တွင် ၂၀၀၂ ဒေါ်လာ၊ ၂၈ ရက်တွင် ၂၀၁၃ ဒေါ်လာ၊ ၂၉ ရက်တွင် ၂၀၄၂ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

YGEA အနေနှင့် ယခင်က ရွှေရည်ညွှန်းဈေးကို ဗဟိုဘဏ်၏ အမေရိကန်ဒေါ်လာ ရည်ညွှန်းဈေး ကျပ် ၂၁၀၀ အပေါ်တွင် တွက်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ဘဏ်များအကြား ဗဟိုဘဏ်၏ အွန်လိုင်းဈေးကွက်မှနေ၍ ရောင်းဝယ်ကြသည့် အမေရိကန်ဒေါ်လာနှုန်းထားဖြင့် တွက်ချက်ထုတ်ပြန်နေခြင်းဖြစ်ရာ အွန်လိုင်းဈေးကွက်ငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၃၁၂၀ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။

**ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်

ပြည်တွင်းငွေကြေးဈေးကွက်မှာ လက်ရှိတွင် ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်ရှိတွင် နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ဆောင်ရွက်နေပြီး USD Liquidity/ MMK Liquidity ကိုပြည်တွင်းဈေးကွက်သို့ ဘဏ်များမှတစ်ဆင့် ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ချက်များအရ စီးပွားရေးလုပ်ငန်းရှင်များအကြား USD Liquidity နှင့် MMK Liquidity လိုအပ်ချက် မြင့်တက်ခြင်းကို လျှော့ချထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများအနေနှင့် ငွေကြေးဈေးကွက်အတွင်း မသမာမှုများ မပြုလုပ်ကြရန် ဗဟိုဘဏ်က သတိပေးထားပြီး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့် ဆောင်ရွက်မှုများကို တွေ့ရှိပါက လိုအပ်သလို အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၂၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် နိုဝင်ဘာ ၁၆ ရက်မှ ၂၉ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၂၀ ကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၃၈၂၃၀ စောင် ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၂၀ ဒသမ ၉၆ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၄၄၁၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၈ ဒသမ ၁၄ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၁၇၄၇၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၀ ဒသမ ၆၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၅၄၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄ ဒသမ ၀၄ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၄၆၉၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇ ဒသမ ၃၆ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၉၅၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂ ဒသမ ၃၀ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၅၃၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅ ဒသမ ၀၃ သန်း ရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၂၁၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၀၃ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၇၃၉၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၂ ဒသမ ၄၁ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၉၆ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂၉ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၄၁ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရပြီး ပြည်တွင်းရွှေဈေးသည်လည်း နိုဝင်ဘာ ၂၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၆၅၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂၉ ရက်တွင် ကျပ် ၃၆၄၅၀၀၀ သို့ အတက်အကျဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စက်တင်ဘာအစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်း ရှိပြီး GDP သည် - ၁၈ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank မှ ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ - ၅ ဒသမ ၉ ရာခိုင်နှုန်း ရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၃-၁၁-၂၀၂၃ | ၂၄-၁၁-၂၀၂၃ | ၂၈-၁၁-၂၀၂၃ | ၂၉-၁၁-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၅.၂၇၅ | ၃၅.၄၉၅ | ၃၄.၉၁၅ | ၃၄.၈၁၀ | -၁.၃၂ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၄၀ | ၁.၃၄၁ | ၁.၃၃၇ | ၁.၃၃၀ | -၀.၆၇ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၆၇၈ | ၄.၆၈၄ | ၄.၆၇၂ | ၄.၆၅၄ | -၀.၅၁ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၅၆ | ၁၅၅၆၅ | ၁၅၄၃၆ | ၁၅၃၈၅ | -၁.၀၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၁၃၈ | ၇.၁၅၂ | ၇.၁၅၃ | ၇.၁၂၅ | -၀.၁၈ | ⬇ |
| ၇ | Indian Rupee | INR | ၈၃.၃၄၇ | ၈၃.၃၇၀ | ၈၃.၃၃၇ | ၈၃.၂၉၄ | -၀.၀၆ | ⬇ |
| ၈ | Japanese Yen | JPY | ၁၄၉.၁၉၀ | ၁၄၉.၅၁၉ | ၁၄၈.၆၃၀ | ၁၄၇.၃၇၉ | -၁.၂၁ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၅၂၄ | ၁.၅၂၃ | ၁.၅၁၄ | ၁.၅၀၇ | -၁.၁၂ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၁၆ | ၀.၉၁၆ | ၀.၉၁၃ | ၀.၉၁၀ | -၀.၆၆ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၉ | ၀.၇၉၆ | ၀.၇၉၂ | ၀.၇၈၈ | -၁.၃၈ | ⬇ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ နိုဝင်ဘာ ၂၃ ရက်နေ့မှ နိုဝင်ဘာ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၃၄၃၅-၃၄၄၀ ကြား ရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၅၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၇ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၇ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဖြင့် လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ် ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ မြင့်တက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ ကျဆင်းပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်(သစ်) တစ်အိတ်လျှင် ကျပ် ၅၉၀၀၀ မှ ၆၀၅၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထရိုးရိုးဆန် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၆၆၀၀၀ မှ ၆၉၀၀၀ ကြားပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန် တစ်အိတ်လျှင် ၃၀၀ ယွမ်ဝန်းကျင်ရှိပြီး ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၅၅ ကျပ်နှုန်း ရှိသောကြောင့် ဆန် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ကျော် ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် နိုဝင်ဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေ ဖြင့်တစ်ဘတ်လျှင် ၉၇ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၄၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန်(သစ်) တစ်ပြည်လျှင် ကျပ် ၂၅၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ဒေသထွက်ကုန် အရောင်းစင်တာများဖွင့်လှစ်





MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိဥသာဈေးအပေါ်ထပ်တွင် အောက်တိုဘာ ၁၉ ရက်ကလည်းကောင်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဗိုလ်ချုပ်မြင်းစီးရုပ်ရှေ့ ဗိုလ်ရှုခံ အဆောက်အအုံတွင် နိုဝင်ဘာ ၁၉ ရက်ကလည်းကောင်း ဒေသထွက်ကုန် အရောင်းစင်တာများအား ဖွင့်လှစ်နိုင်ခဲ့သည်။

ထိုအရောင်းစင်တာများသည် အမြဲဖွင့်လှစ်ထားရှိပြီး ပြည်မြို့ရှိဒေသထွက်ကုန်အရောင်းစင်တာအား တနင်္ဂနွေနေ့မှလွဲ၍ ကျန်ရက်များတွင် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချသည်။ ပြည်မြို့ရှိ ဒေသထွက်ကုန် အရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုမှ ဒေသထွက်ကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၁၆၀ ကျော်အား ရောင်းချလျက်ရှိသည်။

ထိုသို့ ဒေသထွက်ကုန်များ အရောင်းစင်တာဖွင့်လှစ်ရခြင်း၏ အားသာချက်မှာ စားသုံးသူပြည်သူများအနေဖြင့် ပဲခူးတိုင်းဒေသကြီးမှထွက် ရှိသော ဒေသထွက် အစားအစာများကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။ MSME ထုတ်ကုန်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များအား ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ပြီး အကျိုးအမြတ်များလည်း ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ပြင် အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများအတွက်လည်း ဈေးကွက်များ ပိုမိုချဲ့ထွင် ဆောင်ရွက်နိုင်ပြီး ပြည်တွင်းဈေးကွက်အပြင် နိုင်ငံတကာဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဒီထက်မက ထုတ်ကုန်များကို အဆင့်မြင့်စွာ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်စေရေး အထူးကြိုးစားဆောင်ရွက်သွားရန် ရေးသားလိုက်ရသည်။

**ဝေဝေမင်း (ပြည်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် နိုဝင်ဘာ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် အာဂျင်တီးနားနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဂါနာနိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ ချီလီနှင့် ဂျပန်နိုင်ငံတို့တွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခြောက်နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွက် နိုဝင်ဘာ ၂၇ ရက် ဖော်ပြချက်၌ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကင်ညာ၊ မိုနာကို၊ နယူးဇီလန်၊ ပီရူးနှင့် တောင်အာဖရိက စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်နေကြောင်း ယင်းဝက်ဘ်ဆိုက်ဒ်မှ ဖော်ပြထားသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ခရိုအေးရှား၊ လက်ဘနွန်၊ ဂရိ၊ အီတလီ၊ ပိုလန်၊ ကနေဒါ၊ ပြင်သစ်နှင့် ဟန်ဂေရီ အပါအဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၇ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ နိုဝင်ဘာ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁၀ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် နိုဝင်ဘာ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် အာဂျင်တီးနားနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၀ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Curacao နိုင်ငံတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်း၊ လစ်သူယေးနီးယားနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်း နှင့် ဂါနာနိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ကိုးနိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ ဂျော်ဒန်၊ ကင်ညာ၊ မက္ကဆီကို၊ မိုနာကိုနှင့် ပီရူး စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၀ တွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း သိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ လာအို၊ တရုတ်၊ တောင်ကိုရီးယား၊ အိုက်စလန်၊ နော်ဝေ၊ ပေါ်တူဂီ၊ ဆွီဒင်၊ ကနေဒါ၊ စပိန်၊ ပြင်သစ်နှင့် နယ်သာလန် အပါအဝင် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပြီး အာဆီယံနိုင်ငံများ၏ ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ နိုဝင်ဘာ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါ သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၁၆ | ၁.၀၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၄ | ၁.၁၅ |
| ၃ | ထိုင်း | လီတာ | ၁.၂၈ | ၀.၈၆ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၀ | ၀.၈၇ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၃ | ၁.၈၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၇ | ၁.၀၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၀ | ၁.၀၃ |
| ၉ | လာအို | လီတာ | ၁.၄၂ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၀ | ၁.၀၇ |
| ၂ | ဂျပန် | လီတာ | ၁.၁၈ | ၁.၀၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ နိုဝင်ဘာလ ၂၉ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၁၇၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၂၃၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၂၀၀ နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၂၉၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၀၅၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၂၉၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၇၄၂ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၆၃၈ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၃၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၀၀ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၃၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၀၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၅၀ ကျပ် ကျဆင်းခဲ့ပြီး ဒီဇယ်တစ်လီတာလျှင် ၇၅ ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။



**DOT (P&S)**

# ပြင်ဦးလွင်ဒေသထွက် ဆွယ်တာဈေးကွက်

ပန်းမြို့တော်(ခေါ်)ပြင်ဦးလွင်မြို့တွင် ဒေသထွက်ကုန်တစ်ခုဖြစ်သော သိုးမွေး၊ ယုန်မွေး၊ နိုင်လွန်ချည်၊ ရိုးရိုးချည်တို့နှင့်ဖန်တီးထားသော စက်ထိုးလက်ထိုးနှင့် ကလေးလူငယ်လူကြီးများအတွက် ခြေအိတ်၊ လက်အိတ်၊ တဘက်၊ ခြုံပုဝါ၊ မာဖလာ၊ ခေါင်းစွပ် ဦးထုပ်နှင့် အင်္ကျီမျိုးစုံတို့မှာ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် အမျိုးသမီးများ အိမ်တွင်းလက်မှုလုပ်ငန်း တစ်ခုဖြစ်သည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းရလဒ်တစ်ခုလည်းဖြစ်သည်။ ဆွယ်တာလုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးတစ်ဦး၏ တစ်ရက်လုပ်သားခ ကျပ် ၇၀၀၀ မှ ၁၂၀၀၀ အထိ မိမိလုပ်ကိုင်သည့် လုပ်အားပေါ်မူတည်၍ ရရှိကြောင်းလည်း သိရှိရသည်။

ပြင်ဦးလွင်မြို့ ဆွယ်တာဈေးကွက်အနေနှင့် ကလေးဝတ်မျိုးစုံ တစ်ထည်လျှင် ကျပ် ၃၅၀၀ မှ ၉၀၀၀ အထိ အရွယ်အစားနှင့် ဆိုဒ်ပေါ်မူတည်၍ ရောင်းဝယ်လျက်ရှိသည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်း ကျား၊ မများအတွက် ခေါင်းစွပ်ဆွယ်တာ အထူအပါး မျိုးစုံရှိပြီး အပါး တစ်ထည်လျှင် ကျပ် ၈၅၀၀ မှ ၁၅၀၀၀၊ အထူ တစ်ထည်လျှင် ကျပ် ၁၈၀၀၀ မှ ၂၅၀၀၀၊ အမျိုးသမီးများအတွက်



အပေါ်ထပ်ဝတ် ဒီဇိုင်းစုံဆိုဒ်စုံများကို တစ်ထည်လျှင် ကျပ် ၁၅၀၀၀ မှ ၃၅၀၀၀ အထိ အရောင်အသွေး စုံစုံလင်လင်နှင့် ဒီဇိုင်းဆန်းဆန်းလေးများ ရောင်းချပေးလျက်ရှိသည်။

အမျိုးသမီးများအတွက် သိုးမွေးတဘက်နှင့် ချည်တဘက်များကို တစ်ထည်လျှင် ကျပ် ၆၀၀၀ မှ ၁၅၀၀၀ အထိ အထူအပါးနှင့် ဆိုဒ်ပေါ်မူတည်၍ ရောင်းချခြင်း၊ လည်ပင်းပတ်သည့် မာဖလာလေးများမှာ တစ်ထည်လျှင် ကျပ် ၆၅၀၀ မှ ၁၅၀၀၀ ဝန်းကျင်ထိရှိသည်။ ဦးထုပ်ဒီဇိုင်းမျိုးစုံတို့မှာလည်း ရောင်းအားကောင်းသည့် ဈေးကွက်တစ်ခုဖြစ်သည်။ ယုန်မွေး အတိုအရှည်အင်္ကျီများ ဒီဇိုင်းမျိုးစုံ Ready ရှိပြီး ကြိုက်နှစ်သက်ပါက လူကြီးဝတ် ကျား၊ မ ခေါင်းစွပ် ကျပ် ၂၀၀၀၀ မှ ၃၅၀၀၀၊ ကုတ်အင်္ကျီဒီဇိုင်းများကိုမူ အမျိုးသမီးများက ကြိုက်နှစ်သက်ပြီး အော်ဒါမှာယူပါကလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ်တွင် ဆောင်းရာသီစတင် ဝင်ရောက်လာပြီဖြစ်သည့်အတွက် ရာသီဥတုကလည်း အေးသည့်ဘက်သို့ပါရှိပြီး နံနက်အာရုံတွင် နှင်းများ ကျဆင်းခြင်းတို့ကြောင့် ကလေး၊ လူကြီးများအကြိုက် ဒေသထွက် ဦးထုပ်မာဖလာနှင့် တဘက်တို့ကို ဝယ်ယူရန် တစ်ခေါက်တစ်ခါ အရောက်လှမ်းခဲ့ကြဖို့ ပန်းမြို့တော် (ပြင်ဦးလွင်)မှ ဖိတ်ခေါ်လိုက်ရပါသည်။

**ယဉ်ယဉ်အေး**

# လူထုဆက်ဆံရေး၏ ကောင်းကျိုးများ

**သိန်းမြင့်ဝေ**

ပြည်သူ့ဆက်ဆံရေး သို့မဟုတ် လူထုဆက်ဆံရေး (Public Relations - PR) သည် အများပြည်သူဆက်ဆံရေးကို ကိုယ်စားပြုသည်။ PR ကို လုပ်ငန်းအဖွဲ့အစည်းနှင့် အများပြည်သူကြား အပြန်အလှန်အကျိုးရှိသော ဆက်ဆံရေး တည်ဆောက်ပေးသည့် စနစ်ကျသော လုပ်ငန်းစဉ်ဟု သတ်မှတ်နိုင်သည်။ တစ်နည်းအားဖြင့် Public Relations ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့် ပြည်သူလူထုကြား ဆက်သွယ်ပြောဆိုမှုကို စီမံခန့်ခွဲသည့် နည်းလမ်း (Practice of managing communication) ဖြစ်သည်။

တစ်ခါတစ်ရံတွင် လူထုဆက်ဆံရေး (PR) ကို အခမဲ့မီဒီယာ (Earned media) ဟူ၍ ခေါ်ဆိုလေ့ရှိသည်။ ၎င်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ အများပြည်သူနှင့် စီးပွားရေးလုပ်ငန်းများကြား အဖွဲ့အစည်း၏ ဂုဏ်သတင်း (Reputation) နှင့် ပုံရိပ် (Image) တည်ဆောက်ရန်ဖြစ်သည်။ အရွယ်အစား သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ အဖွဲ့အစည်းတိုင်း သို့မဟုတ် လုပ်ငန်းတိုင်း၏ ရှင်သန်ရပ်တည်မှု (Survival) နှင့် အောင်မြင်မှု (Success) သည် ၎င်း၏ ဂုဏ်သတင်းနှင့် ပုံရိပ်အပေါ် မူတည်သည်။ အဖွဲ့အစည်း၏ ကောင်းမွန်သော ပုံရိပ်ဖန်တီးပေးမည့် ပြည်သူ့ဆက်ဆံရေး၏ ကောင်းကျိုးများမှာ အောက်ပါအတိုင်းဖြစ်သည်။

### ယုံကြည်စိတ်ချရမှု (Credibility)

ယနေ့ခေတ် အွန်လိုင်းအသုံးပြုသူများသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအပေါ် ငွေကြေးသုံးစွဲခြင်းနှင့်ပတ်သက်၍ ပိုမိုသတိထားလာကြသည်။ ထို့ကြောင့် လုပ်ငန်းအောင်မြင်ရန်အတွက် ယုံကြည်စိတ်ချရမှုရှိရန် အရေးကြီးသည်။ စားသုံးသူသည် ကြော်ငြာထားသော ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုထက် မီဒီယာ၌ ဖော်ပြသည့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ပိုမိုအလေးထားသည်။ လေ့လာမှုများအရ PR သည် အွန်လိုင်းသုံးစွဲသူများကြား ကြော်ငြာခြင်းထက် ခုနစ်ဆ ပိုမိုယုံကြည် စိတ်ချရကြောင်း သိရှိရသည်။ ထို့ကြောင့် ဈေးကွက်အတွင်း သို့မဟုတ် ပြည်သူများကြား အကောင်းဆုံးဖြစ်ရေးအတွက် လူထုစည်းရုံး လှုံ့ဆော်ရေးအစီအစဉ်များ (PR Campaigns) လိုအပ်သည်။

### ကောင်းမွန်သောပုံရိပ် (Positive Image)

PR သည် အဖွဲ့အစည်းအတွက် ကောင်းမွန်သော ပုံရိပ်ဖန်တီးပေးပြီး အဖွဲ့အစည်း၏ အနာဂတ်အောင်မြင်မှုကိုလည်း ရရှိစေသည်။ PR သည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်း မဟုတ်ပေ။ သို့သော်လည်း PR သည် စားသုံးသူ/ဖောက်သည်၏ စိတ်အပေါ် ရေရှည်ကောင်းကျိုး သက်ရောက်စေရန် ဖန်တီးပေးသည်။ ထို့ကြောင့် စားသုံးသူ/ဖောက်သည်အား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အကြိမ်ကြိမ် လာရောက်ဝယ်ယူစေပြီး လုပ်ငန်း၏ အမြတ်ပိုမိုရရှိစေသည်။

### ရည်ရွယ်သောဈေးကွက် (Target Market)

ရည်ရွယ်သော သို့မဟုတ် ပစ်မှတ်ထားသော ဈေးကွက်သတ်မှတ်ခြင်းသည် လုပ်ငန်းအောင်မြင်ရန် အရေးကြီးဆုံးအချက်ဖြစ်သည်။ မီဒီယာမှတစ်ဆင့် PR Campaign လုပ်ဆောင်ခြင်းအားဖြင့် ဖြန့်ဝေလိုသော သတင်းအချက်အလက်ကို ပစ်မှတ်ဒေသ သို့မဟုတ် ဈေးကွက် (Target region or market) သို့ အလွန်လွယ်ကူစွာ ပေးပို့နိုင်သည်။

### မီဒီယာဆက်ဆံရေး (Media Relations) မြှင့်တင်ခြင်း

ကောင်းမွန်သော PR campaign တစ်ခုရှိခြင်းသည် မီဒီယာအမျိုးမျိုးနှင့် အဖွဲ့အစည်း၏ ဆက်ဆံရေးကို မြှင့်တင်ပေးသည်။ အယ်ဒီတာ့အာဘော်နှင့် သတင်းထုတ်ပြန်ချက်ကဲ့သို့သော လုပ်ဆောင်ချက်များက လုပ်ငန်းအဖွဲ့အစည်းနှင့် မီဒီယာ၏ဆက်ဆံရေးကို ပိုမိုကျယ်ပြန့်စေသည်။ ပြည်သူလူထု စိတ်ဝင်စားမှု မြင့်မားရေးအတွက် မီဒီယာဆက်ဆံရေးမှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

### ပြည်သူလူထုနှင့် ပိုမိုထိတွေ့ခြင်း (Engagement with Communities)

အောင်မြင်သော PR Campaign သည် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကို ဒေသခံအုပ်စုများ၊ ဒေသခံအသိုက်အဝန်းများ (Local groups and communities) နှင့် ပိုမိုကောင်းမွန်စွာ ထိတွေ့ဆက်ဆံနိုင်စေသည်။ ထိုဒေသခံအသိုက်အဝန်းအတွက် အသုံးဝင်ကြောင်း သက်သေပြနိုင်မည့် ပရဟိတလုပ်ငန်းများအတွက် ရန်ပုံငွေအချို့ ခွဲဝေသုံးစွဲသင့်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းက အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကို ပိုမိုယုံကြည်လက်ခံလာစေပါသည်။

**Source: Zoetalentsolutions.com**

# တာချီလိတ် ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလလုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသုည ဒသမ ၃၈၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၆ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂၁ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသ မ၁၄၇ သန်းလျော့နည်းပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒ သမ ၃၁၇ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၀ သန်း ပိုမိုကြောင်းသိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် Manganese Dioxide ပလတ်စတစ်ဖြတ်စ ပိုမိုတင်ပို့ခဲ့သော် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ရော်ဘာစေး၊ ဆီးဆန်၊ ထောပတ်သီး၊ စက္ကူဖြတ်စ၊ အလူမီနီယမ်ဖြတ်စ လျော့နည်းတင်ပို့ခဲ့ခြင်းကြောင့် ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် လျော့နည်းခြင်းဖြစ်သည်။

သွင်းကုန်ပိုင်း၌ ယခုတစ်ပတ်တွင် ရေနံထွက်ပစ္စည်းများ၊ အခြားစက္ကူများ၊ ဆပ်ပြာများ လျော့နည်းတင်သွင်းခဲ့သော်လည်း ဘိလပ်မြေ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သတ္တုကုန်ကြမ်းပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ မီးဖိုချောင်သုံးပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၁၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၈၆ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈၇ သန်းနှင့် သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၀ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၉၇ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက်ပိုမိုရခြင်းမှာ တိရစ္ဆာန်ထွက်ပစ္စည်းတွင် တင်ပို့မှုမရှိသော်လည်း လယ်ယာထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတင်ပို့မှုတွင် တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် ဖြစ်သည်။ သွင်းကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၈ သန်း လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်



ဒေါ်လာ သုည ဒသမ ၂၂၉ သန်း တင်သွင်းမှု လျော့နည်းခဲ့သော်လည်း လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၇၇ သန်း တင်သွင်းမှုပိုမိုခဲ့သောကြောင့် သွင်းကုန်ပိုင်းတွင် တင်သွင်းမှုပိုမိုခြင်းဖြစ်သည်။

**အိမ့် (DOT)**

# ကော့သောင်း ကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလလုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၀၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၇၇ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိ ကန်ဒေါ်လာ ၂၃ ဒသမ ၅၈၅ သန်းဖြစ်သည်။

ကာလတူ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၇ သန်းပိုမိုပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၈၀၆ သန်း လျော့နည်းသဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ၇၀၉ သန်းလျော့နည်းကြောင်းသိရသည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၃ဒသမ၅၄၂ သန်း သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၈၉ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ကာလတူနှိုင်းယှဉ်ချက်အရ ပို့ကုန်တင်ပို့မှုကဏ္ဍတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၇ ပိုမိုခဲ့ခြင်းမှာ ရေထွက်ပစ္စည်းနှင့် အခြားပစ္စည်းတင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ ကာလတူထက် သွင်းကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် ရေနံထွက်ပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ လူသုံးကုန်ကြမ်း ပစ္စည်းအုပ်စုတွင် ဆေးဝါးပစ္စည်းများ၊ ဆပ်ပြာ/ဆပ်ပြာမှုန့်နှင့် အခြားပစ္စည်းများ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုမိုခြင်းမှာ ရေထွက်ပစ္စည်းအုပ်စုတွင် ငါးမျိုးစုံ၊ ကင်းမွန်၊ ဂဏန်း၊ အခြားပစ္စည်းအုပ်စုတွင် ဆီအုန်းတို့ ပိုမိုခဲ့ခြင်းကြောင့် ပို့ကုန်ပိုင်းတွင် ပိုမိုခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် အနီးစပ်ဆုံးကာလထက်ပိုမိုရခြင်းမှာ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ဓာတ်ဆေးဆိုးဆေးများ၊ သုတ်ဆေးပေါလစ်များနှင့် အခြားပစ္စည်းများ၊ လူသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် ဆပ်ပြာ/ဆပ်ပြာမှုန့်၊ သွားတိုက်ဆေးနှင့် အလှကုန်ပစ္စည်းမျိုးစုံ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

ကောသောင်းကုန်သွယ်ရေးစခန်းအနေဖြင့် အနီးစပ်ဆုံးကာလထက်ပို့ကုန်နှင့် သွင်းကုန်ပိုင်းတွင် ပိုမိုဆောင်ရွက်ခဲ့ပြီး ကာလတူထက် ပို့ကုန်ပိုင်း၌ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင် လျော့နည်းခဲ့ကြောင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရသည်။

**အိမ့် (DOT)**

# HWY TRADING CO.,LTD

Your Complete Satisfaction is our priority




NO. (16), Yuzana 1st Street, 25 Quarter, S/Dagon Township, Yangon, Myanmar.

+95 9 2554 87355, +95 9 7956 88571    hninhnin@hwytradingmm.com

NAYPYITAW WHOLESALE

....စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် ပရိဘောဂပစ္စည်းများကို.....

......ဈေးနှုန်းမှန်ကန်စွာဖြင့် တစ်နေရာတည်းမှာ ဝယ်ယူနိုင်ပါပြီ....









No.2 , Yarza Thingaha Road, Hotel Zone (1) Deckhina Thiri Township, Naypyitaw, Myanmar.

Tel: + 95 - 67- 422061, 422062 ~ 70    *OPENS DAILY - 9:00AM TO 8:00PM*

ELECTRICAL J&A SOLUTION



www.jnaelectricalsolution.com
info@jnaelectricalengineering.com
J&A Electrical Trading & Engineering Co.,Ltd
No. 10/001, Kamar Kyi Road, 9th Quarter,
Thaketa Township, Yangon.
(+95) 9 777 044 867, (+95) 9 777 044 868

# SEVEN STARS


## Shipping and General Services Co., Ltd.





Seven Star Shipping and General Service Co.,Ltd.
Building-A, Room-805, 8th Floor Mahar Nawarat Condo.
51st Street, Between Marchant Road & Mahar Bandula Road,
Botahtaung Tsp, Yangon.
Ph: + 959 426043656, +959 784597920
Email: 7star@7starship.com
Wabsite : http://www.7starship,com/online-application-form/
Fb: Seven Stars Shipping





# ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံရေးမှသည် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**စောသန်းထိုက်ကျော်(တောင်ငူ)**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်သည် ဆန်စပါးအပြင် ဆီထွက်သီးနှံများကိုလည်း အောင်မြင်စွာစိုက်ပျိုးနိုင်သည့် ခရိုင်ဖြစ်သည့်အပြင် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရရှိသော စာရင်းဇယားများအရ ဆီထွက်သီးနှံများဖြစ်သော မြေပဲ ၂၇၀၉၇ ဧက၊ နှမ်း ၂၁၅၆၇ ဧကနှင့် နေကြာ ၂၀၆၆၈ ဧကကို စိုက်ပျိုးကြောင်း သိရသည်။ အထွက်နှုန်းအနေဖြင့် မြေပဲတစ်ဧကလျှင် မြေပဲတောင့် ၅၂ ဒသမ ၄၄ တင်း၊ နှမ်းတစ်ဧကလျှင် ၁၀ ဒသမ ၀၁ တင်း၊ နေကြာတစ်ဧကလျှင် ၁၇ ဒသမ ၈၆ တင်း ထွက်ရှိကြောင်း သိရသည်။ထို့ကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တောင်ငူခရိုင်အနေဖြင့် မြေပဲ တင်း ၁၄၂၁၀၀၀၊ နှမ်း တင်း ၂၁၆၀၀၀ နှင့် နေကြာ တင်း ၃၆၉၀၀၀ ခန့် ထွက်ရှိခဲ့သည်။ တောင်ငူခရိုင်တွင် လူဦးရေ ၁၀၅၇၀၀၀ ခန့်ရှိရာ မျိုး၊ အလေအလွင့်နှင့် အခြားနည်းစားသုံးမှုကို နုတ်ပါက မြေပဲတင်း ၉၂၄၀၀၀၊ နှမ်းတင်း ၁၈၈၀၀၀ နှင့် နေကြာ တင်း ၁၀၃၀၀၀ ပိုလျှံမည်ဖြစ်သည်။

မြေပဲတောင့်တစ်တင်းလျှင် ဆီ နှစ်ပိဿာ၊ နှမ်းတစ်တင်းလျှင် ဆီ ခြောက်ပိဿာနှင့် နေကြာတစ်တင်းလျှင် ဆီ ၄ ဒသမ ၅ ပိဿာ ထွက်ရှိကြောင်း သိရသဖြင့် တောင်ငူခရိုင်မှထွက်ရှိသည့် ဆီထွက်သီးနှံများကို စားသုံးဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်ပါက မြေပဲ တင်း ၉၂၄၀၀၀ မှ စားသုံးဆီ ပိဿာ ၁၈၄၈၀၀၀၊ နှမ်းတင်း ၁၈၈၀၀၀မှ စားသုံးဆီ ပိဿာ ၁၁၂၈၀၀၀၊ နေကြာ တင်း ၁၀၃၀၀၀မှ စားသုံးဆီ ပိဿာ ၄၆၃၀၀၀ ထွက်ရှိမည်ဖြစ်ရာ တောင်ငူခရိုင်အတွင်း ထွက်ရှိသည့် ဆီထွက်သီးနှံများမှ စားသုံးဆီ ပိဿာ ၃၄၃၉၀၀၀ (တန်ချိန် ၅၆၀၀ ခန့်)ထွက်ရှိမည်ဖြစ်သည်။

ဆီစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်စေရန် လူတစ်ဦးအတွက် တစ်နှစ်လျှင် ၆ ဒသမ ၅ ပိဿာ လိုလျက်ရှိရာ စားသုံးဆီ ပိဿာ ၃၄၃၉၀၀၀ သည် လူဦးရေ ၅၂၉၀၀၀ အတွက် ဖူလုံစေမည်ဖြစ်ပါသည်။ တောင်ငူခရိုင်တွင် လူဦးရေ ၁၀၅၇၀၀၀ ခန့်ရှိရာ လက်ရှိအထွက်နှုန်းအတိုင်း ဆီကြိတ်ခွဲနိုင်မည်ဆိုပါက တောင်ငူခရိုင်၏ စားသုံးဆီ ဖူလုံမှုမှာ ၅၀ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

ပန်းတိုင်အထွက်နှုန်းမှာ မြေပဲတစ်ဧကလျှင် တင်း ၇၀၊ နှမ်းတစ်ဧကလျှင် တင်း ၂၀နှင့် နေကြာတစ်ဧကလျှင် တင်း ၅၀ ဖြစ်သည်။ သီးနှံအထွက်တိုးရန်အတွက် စိုက်ဧက တိုးချဲ့ခြင်းထက် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ကြိုးစားဆောင်ရွက်ရန် ပို၍လိုအပ်သည်။ ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် တောင်သူလယ်သမားများအနေဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရန် လိုအပ်ပြီး သက်ဆိုင်ရာသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် စနစ်တကျစိုက်ပျိုးခြင်းကို စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးဆောင်ရွက်လျက်ရှိသည်။

ပန်းတိုင်အထွက်နှုန်းရရှိမည်ဆိုပါက တောင်ငူခရိုင်တွင် လက်ရှိ စိုက်ပျိုးဧကများအတိုင်း မြေပဲတောင့် တင်း ၁၄၀၀၀၀၀၊ နှမ်းတင်း ၃၉၆၀၀၀နှင့် နေကြာ တင်း ၇၆၇၀၀၀ ထွက်ရှိမည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိမည်ဆိုပါက မြေပဲဆီ ပိဿာ ၂၈၀၀၀၀၀၊ နှမ်းဆီ ပိဿာ ၂၂၁၄၀၀၀ နှင့် နေကြာဆီ ပိဿာ ၃၄၅၁၀၀၀၊ စုစုပေါင်း စားသုံးဆီ ပိဿာ ၈၄၆၅၀၀၀ (တန်ချိန် ၁၃၈၀၀ ခန့်)ထွက်ရှိမည်ဖြစ်ပါသည်။ ၎င်းပမာဏအတိုင်းသာ ထွက်ရှိပါက တောင်ငူခရိုင်၏ စားသုံးဆီ ဖူလုံမှုသည် ၁၂၃ ရာခိုင်နှုန်းရှိမည်ဖြစ်ရာ စားသုံးဆီ တန်ချိန် ၂၆၀၀ ခန့် ပိုလျှံမည်ဖြစ်သည်။

ဒေသတွင်းထွက်ရှိသော ဆီထွက်သီးနှံများကို ဒေသတွင်း၌သာ စားသုံးဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်နိုင်ပါက ဈေးနှုန်းသက်သာ၍ ကျန်းမာရေးနှင့် သင့်လျော်သော စားသုံးဆီကို ရရှိမည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သည်။ တောင်ငူခရိုင်တွင် လက်ရှိဆီစက် ၅၀ ခန့်ရှိပြီး တစ်နှစ်ကြိတ်ခွဲအားမှာ တန် ၇၂၀ သာ ရှိရာ လက်ရှိ အထွက်နှုန်းအတိုင်းပင်လျှင် ထွက်ရှိသည့် ဆီထွက်သီးနှံ၏ ၁၃ ရာခိုင်နှုန်းခန့်သာ ကြိတ်ခွဲနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

မိမိဒေသထွက် ဆီထွက်သီးနှံများကို ကြိတ်ခွဲခြင်းမပြုနိုင်ဘဲ အခြားဒေသများသို့ တင်ပို့ပြီးမှ စားသုံးဆီ ပြန်ဝယ်စားရသဖြင့် ကုန်ကျစရိတ်ပိုမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဆုံးရှုံးရမည်ဖြစ်သည်။ ဒေသတွင်း ဆီစက်များမှ ကြိတ်ခွဲသည့် မြေပဲဆီမှအပ နှမ်းဆီနှင့် နေကြာဆီတို့သည် အနံ့ကြောင့်လူကြိုက်နည်းသည်ဟုလည်း သိရသဖြင့် ဆီစက်များ အဆင့်မြှင့်ပြုပြင်၍ ကြိတ်ခွဲနိုင်ရန် လိုအပ်ကြောင်း လေ့လာသိရှိရသည်။

ဒေသတွင်းမှ ဆီစက်လုပ်ငန်းရှင်များသည် မိမိတို့၏စက်များအား အဆင့်မြှင့်တင် ပြုပြင်၍ ပိုမိုကြိတ်ခွဲနိုင်အောင် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက အဆင့်မီစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချဖြန့်ဖြူးနိုင်ခြင်း၊ မိမိဒေသမှ လုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ခြင်း စသည်ဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မိမိဒေသထွက် ဆီထွက်သီးနှံများအား မိမိဒေသတွင်း၌ပင် လုံလောက်စွာ ကြိတ်ခွဲထုတ် လုပ်နိုင်ခြင်းသည် ဒေသစီးပွားရေးကို အထောက်အကူပြုနိုင်သည်သာမကဘဲ ဒေသတွင်း ပြည်သူများ၏ ကျန်းမာရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဆီစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်စေရန် လူတစ်ဦးအတွက် တစ်နေ့လျှင် ၁ ဒသမ ၈ ကျပ်သား၊တစ်လလျှင် ၅၄ ကျပ်သားခန့်၊ တစ်နှစ်လျှင် ၆ ဒသမ၅ ပိဿာ လိုအပ်သည်။ လူတို့ စားသုံးလိုက်သော ဆီပမာဏသည် ကျန်းမာရေးနှင့်ညီညွတ်သည့် ပမာဏဖြစ်စေရန် လိုအပ်သလို ကျန်းမာရေးနှင့်ညီညွတ်သည့် အမျိုးအစားဖြစ်ရန်လည်း လိုအပ်သည်။ စားသုံးဆီတွင် မပြည့်ဝဆီများ၊ ပြည့်ဝဆီများနှင့် အသွင်ပြောင်းဆီများဟူ၍ အမျိုးအစား သုံးမျိုးရှိရာ မပြည့်ဝဆီသည် လူတို့၏ကျန်းမာရေးအတွက် အသင့်လျော်ဆုံးသော စားသုံးဆီများဖြစ်ကြောင်း သိရသည်။

မပြည့်ဝဆီတွင် မြေပဲဆီ၊ နှမ်းဆီ၊နေကြာဆီ၊ ငါးမှရသော အဆီများပါဝင်ပြီး ကျန်းမာရေးအတွက် သင့်တင့်စွာ စားသုံးသင့်သောဆီများဖြစ်သည်။ ပြည့်ဝဆီတွင် စားအုန်းဆီနှင့် တိရစ္ဆာန်မှရသော အဆီများ ပါဝင်ပြီး တတ်နိုင်သမျှ လျှော့ချစားသုံးသင့်သည့် ဆီများဖြစ်သည်။ အသွင်ပြောင်းဆီတွင် အသင့်စား အစားအစာများတွင် ပါဝင်သည့်ဆီများဖြစ်ပြီး ကမ္ဘာပေါ် တွင် စားသုံးဆီအမျိုးမျိုးကို သုံးစွဲလျက်ရှိသည့်အနက် အများဆုံးစားသုံးသည့် ဆီအမျိုးအစားမှာ ပြည့်ဝဆီတွင် ပါဝင်သည့်စားအုန်းဆီဖြစ်သည်။

မိမိဒေသမှထွက်ရှိသော ဆီထွက်သီးနှံများကို မိမိဒေသအတွင်း၌ပင် လုံလောက်စွာကြိတ်ခွဲထုတ်လုပ်နိုင်ပါက ဒေသတွင်းနေပြည်သူများသည် ကျန်းမာရေးအတွက် အသင့်လျော်ဆုံးသောဖြစ်သော မပြည့်ဝဆီများဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ရာ စားအုန်းဆီများ ဝယ်ယူစားသုံးမှု များစွာလျော့နည်းသွားမည်ဖြစ်သဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည့်အပြင် နိုင်ငံခြားမှ စားအုန်းဆီတင်သွင်းရမှု လျော့ကျမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

စားသုံးဆီများကို မိမိဒေသတွင်း၌ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပါက ဒေသ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ စိုက်ပျိုးသူ တောင်သူလယ်သမားကြီးများ၊ ဆီစက်လုပ်ငန်းရှင်များသည် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ဦးတည်ဆောင်ရွက်လျက်ရှိသော ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး ဦးတည်ချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးစေ့များ ကြဲပက်ပျိုးထောင်

ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများသည် နှစ်စဉ် ကြက်သွန်နီ(ပင်စိုက်)စိုက်ပျိုးမှုကို ဒေသစီးပွားဖြစ် အဓိက အများဆုံးစိုက်ပျိုးကြသည်။ ယခုနှစ်တွင်လည်း ဆောင်းစိုက်၊ ပင်စိုက်စိုက်ပျိုးရန်အတွက် တောင်သူ အများစုသည် အောက်တိုဘာလလယ်မှစ၍ မျိုးစေ့ကြဲပက်ပျိုးခင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

မျိုးဖြင့် ကြဲပက်စိုက် တောင်သူများသည် မိမိစိုက်ခင်းအတွက်လည်းကောင်း၊ ပြန်လည်ရောင်းချရန်အတွက်လည်းကောင်း မျိုးစေ့လေးဘူး၊ တစ်ပြည်မှစ၍ တစ်တင်း၊ ၁၆ ပြည်အထိ ပျိုးခုံ၊ ပျိုးခင်းများ ပြုလုပ်ကြသည်။

ယခုနှစ်တွင် မျိုးစေ့ကြဲပက်ဆောင်ရွက်မှု အခြေအနေအား သိရှိရန်အတွက် မြို့ပေါ်ရှိကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးနှင့် ဆက်သွယ်မေးမြန်းရာ စိုက်တောင်သူမှာ ယခုနှစ်တွင် ကြက်သွန်နီမျိုးစေ့ တစ်တင်းသုည ဒသမ ၅ ဧကခန့် ပျိုးခင်းပြုလုပ် စိုက်ပျိုးကြောင်း မျိုးစေ့တစ်ပြည် ကျပ်တစ်သိန်းဈေးဖြင့် ဝယ်ယူရကြောင်း၊ အောက်တိုဘာလကုန်ပိုင်းတွင် ပျိုးခုံပြုလုပ် ကြဲပက်ကြောင်း၊ ကြဲပက် ပြီး ၄၅ရက်သားခန့်တွင် ပျိုးပင်နုတ်ရပြီး ဒီဇင်ဘာ၊ ဇန်နဝါရီတွင် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ပျိုးပင်များကို မိမိပြန်လည် စိုက်ပျိုးသည့်အပြင် ပိုလျှံသည့် ပျိုးပင်များကို ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မျိုးစေ့စရိတ်၊သွင်းအားစုစရိတ်၊ အလုပ်သမားဌားရမ်းခစရိတ် ကြီးမြင့်ခြင်းကြောင့် ကုန်ကျစရိတ်မှာ ယခင်နှစ်ထက်များကြောင်း၊ ကျပ် ၂၈ သိန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းကြောင်း စိုက်တောင်သူက ပြောကြားသည်။

ယခင်နှစ်က မျိုးစေ့တစ်ပြည် ကျပ်သုံးသောင်းခန့်ဖြင့် ဝယ်ယူရကြောင်း၊ သုည ဒသမ ၅ ဧကတွင် မျိုးစေ့ တစ်တင်းစိုက်ပျိုးရ၍ ကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး မျိုးစေ့တစ်ပြည်ပျိုးလျှင် ပျိုးပင်ရောင်းခ ကျပ် နှစ်သိန်းဈေးဖြင့် ရောင်းချရ၍ ကျပ်၁၅ သိန်းဝန်းကျင်ခန့် အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မျိုးစေ့တစ်ပြည် ကျပ်တစ်သိန်းဖြင့် ဝယ်ယူရပြီး တစ်ပြည်ပျိုးခ ကျပ်သုံးသိန်း ဝန်းကျင်ခန့် ရောင်းချရမည်ဆိုလျှင် အကျိုးအမြတ်များစွာ ရရှိမည်ဖြစ်ပြီး မိုးကြက်သွန်နီဥများ တူးဖော်ချိန်တွင် ယခင်နှစ်ကဲ့သို့ဈေးနှုန်း၊ ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်ကြောင်း၊ ပျိုးပင်ဈေးကွက်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း စိုက်တောင်သူမှ တစ်ဆင့် သိရှိရသည်။ **မြင့်မြင့်သန်း(ပခုက္ကူ)**



# ဆန်စက် အဆင့်မြှင့်တင်မှုကြောင့် ဆန်စပါးဈေးကွက်ဈေးကောင်းရရှိ

ပန်းတနော်မြို့နယ်သည် ကျေးရွာအုပ်စု ၅၂ အုပ်စုရှိပြီး စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ဒေသစီးပွားရေး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း လေ့လာသိရှိရပြီး စိုက်ပျိုးထုတ်လုပ်ပြီးစပါးများ အရည်အသွေးကောင်းဆန်များ ရရှိရေးသည်လည်း ဆန်စက်များ၏ ဆန်စက်အဆင့်မြှင့်တင်မှုအပေါ် တွင် မူတည်လျက်ရှိသည်။

ပန်းတနော်မြို့နယ် မြသိန်းတန် (၂) ဆန်စက်သည် ပန်းတနော်မြို့နယ်မှထွက်ရှိသော ဆင်းသုခစပါးနှင့် ကရင်မစပါးများကို ဝယ်ယူကြိတ်ခွဲလျက်ရှိပြီး ဆင်းသုခစပါး တင်း ၁၀၀ လျှင် ကျပ် ၁၈၇၀၀၀၀ နှင့် ကရင်မစပါး တင်း ၁၀၀ လျှင် ကျပ် ၁၈၂၀၀၀၀ ဖြင့်ဝယ်ယူပြီး စပါးများကို ဆန်စက်ကြိတ်ခွဲရန် သင့်လျော်သော အစိုဓာတ်အထိ အခြောက်ခံပြီး ဆန်ကွဲ၊ ဖွဲ၊ မျိုးကွဲများပါ ခွဲထုတ်သည့် အဆင့်မြင့် ဆန်စက်တစ်ခုအဖြစ် တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသော ဆန်များမှ ထိပ်စ၊ အလတ်စနှင့် အနိမ့်စများကို အလိုက်အလျောက် သီးခြားစီခွဲခြားထွက်ရှိပြီး ဆန်သား ၇၅ ရာခိုင်နှုန်းနှင့် ဆန်သား ၉၀ ရာခိုင်နှုန်း အထိထွက်ရှိအောင် ကြိတ်ခွဲနိုင်သော အဆင့်မြင့်ဆန်စက်ဖြစ်ကြောင်း ဆန်စက်ပိုင်ရှင်က ပြောကြားခဲ့သည်။

ဆန်ဈေးကွက်အနေဖြင့် ဆင်းသုခ စပါးများ ကြိတ်ခွဲရရှိသော ဧည့်မထဆန်အလတ်စများကို ပန်းတနော်နှင့် ကျောင်းကုန်းဒေသများအထိ ဖြန့်ချိလျက်ရှိပြီး ကရင်မစပါးများမှ ကြိတ်ခွဲ ထုတ်လုပ်ရရှိသော ဆန်များ၊ ထိပ်စဆန်များကို ကုမ္ပဏီသို့တင်ပို့ပြီး ပိုလျှံသောဆန်များကို ရန်ကုန် ဘုရင့်နောင်ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

မြသိန်းတန်(၂) ဆန်စက်သည် ပန်းတနော်မြို့နယ်ရှိ တောင်သူများအတွက် အရည်အသွေးကောင်းစပါးများ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရေး၊ ဝင်ငွေတိုးတက်စေရေးနှင့် စပါးမျိုးကောင်းမျိုးသန့်ဖြစ်ပါက ဈေးပိုမိုရရှိကြောင်းကို စပါးအမျိုးအစားအလိုက် ဈေးနှုန်းကွဲပြားစွာ ဝယ်ယူမှုနှင့် မိမိဆန်စက်မှထွက်ရှိသော ဆန်များကိုလည်း အရည်အသွေးအလိုက် ထိပ်စ၊ အလတ်စ၊ အနိမ့်စ၊ ဆန်၊ ဆန်ကွဲ၊ ဖွဲ စသည်ဖြင့် အရည်အသွေးအလိုက် ဈေးကွက်ရရှိ ဈေးကောင်းရရှိနေမှုသည် ဆန်စက်အဆင့် မြှင့်တင်မှုကြောင့် ဆန်စပါးဈေးကွက် ဈေးကောင်းရရှိနေကြောင်း ရေးသားတင်ပြအပ်ပါသည်။

**Consumer- MT**

# "Gulfood 2024" သို့ ပါဝင်ပြသနိုင်

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ရှိ World Trade Center တွင် "Gulfood 2024" ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါပြပွဲသို့ ပါဝင်ပြသမည်ဆိုပါက Onliner S Registration ပြုလုပ်ရမည်ဖြစ်ပြီး Registration Fees 595 AED ကျသင့်မည်ဖြစ်သည်။ Early Bird Registration Fees အဖြစ် ၆၀ % သက်သာခွင့်ရရှိမည်ဖြစ်ပြီး 245 AED ဖြင့် Registration ပြုလုပ်၍ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

ပြပွဲသို့ နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ ထိပ်တန်းကုမ္ပဏီ ၅၅၀၀ ကျော်တို့မှ လာရောက်ပြသကြမည်ဖြစ်သည်။ Gulfood 2024 တွင် ပါဝင်ပြသခြင်းဖြင့် ကုန်သွယ်မှုသဘောတူညီချက်များ ရရှိနိုင်ခြင်း၊ F&B စနစ်ကို ဆန်းသစ်တီထွင်နိုင်ပြီး ရေရှည်တည်တံ့နိုင်ခြင်း၊ ထိပ်တန်းအမှတ်တံဆိပ်ထုတ်ကုန်များနှင့်ချိတ်ဆက်နိုင်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု စားဖိုမှူးများ၏ ချက်ပြုတ်မှုများကို ကိုယ်တိုင်လေ့လာနိုင်မည့်အပြင် နောက်ဆုံးပေါ် ထုတ်ကုန်များကို တွေ့ရှိနိုင်မည်ဖြစ်သည်။

အဆိုပါ "Gulfood 2024" ပြပွဲသို့မြန်မာနိုင်ငံမှ သွားရောက်ပြသလိုသူများအနေဖြင့် visit.gulfood.com တွင် Registration ပြုလုပ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**TD(Ygn)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁-၁၂-၂၀၂၃)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၅၀၀၀ | ၁၂၀၀၀ | ↓ | ၁၃၅၀၀ | ၁၂၅၀၀ | ↓ | ၅၆၀၀ | ၅၆၅၀ | ↑ |
| ပဲခူး | ၁၅၅၀၀ | ၁၅၀၀၀ | ↓ | ၁၅၅၀၀ | ၁၅၀၀၀ | ↓ | ၅၅၀၀ | ၅၅၀၀ | - |
| မကွေး | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၅၅၀၀ | ၅၅၀၀ | - |
| ပြည် | ၁၃၅၀၀ | ၁၃၀၀၀ | ↓ | ၁၂၀၀၀ | ၁၂၀၀၀ | - | ၅၇၀၀ | ၅၇၀၀ | - |
| စစ်တွေ | ၂၀၀၀၀ | ၂၀၀၀၀ | - | | | | ၅၄၀၀ | ၅၄၀၀ | - |
| နေပြည်တော် | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၅၄၀၀ | ၅၄၀၀ | - |

# ပေါက်မြို့နယ် ယောချောင်းဘေးရှိ အောက်ကျင်းကျေးရွာ၌ ကြက်သွန်နီ စိုက်ပျိုးမှု အခြေအနေ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ပျဉ်းချောင်းအုပ်စု၊ ယောချောင်းနံဘေးရှိ ကျေးရွာများဖြစ်သော ပျဉ်းချောင်း၊ ထန်းတောကုန်း၊ ဆူးလေကုန်း၊ ဆယ်ဝ၊ ဆင်သေ၊ အောက်ကျင်း စသည့်ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး စပါး၊ ကုလားပဲ၊ မြေပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး စသည့် သီးနှံများကိုရာသီအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

မိုးကြက်သွန်နီ(ခေါ်)ဥစိုက်ကြက်သွန်နီများကို အောက်ကျင်းကျေးရွာရှိ တောင်သူ ၁၀ ဦးမှ ၁၀ ဧကနီးပါး စိုက်ပျိုးထားရှိပြီး မိုးနှောင်းကာလဖြစ်သည့် အောက်တိုဘာလကုန်နှင့်နိုဝင်ဘာလအစတွင် စတင်စိုက်ပျိုးကြကြောင်း သိရသည်။ စိုက်ပျိုးရာတွင် မျိုးစေ့ကို ဝယ်စရာမလိုဘဲ ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများမှ ထွက်ရှိသော ကြက်သွန်နီဥများထဲမှ အသေးဆုံးအရွယ်များကို မျိုးအဖြစ် ဖယ်ချန်ကာ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ကြက်သွန်နီစိုက်ခင်း တစ်ဧကလျှင် စိုက်ပျိုးရန် မြောင်းဘောင် ၂၀၀ နီးပါး ပြုလုပ်ရပြီး တစ်ဘောင်လျှင် မျိုးဥကြက်သွန်နီနှစ်ပိဿာကျော် အသုံးပြုရ၍ တစ်ဧကလျှင် ပိဿာချိန် ၄၀၀ ကျော် ကုန်ကျကြောင်း၊ စတင်စိုက်ပျိုးသည့် အချိန်မှ စ၍ ရက်ပေါင်း ၉၀ ကျော်တွင် တူးဖော်ရကြောင်း၊ စိုက်ပျိုးချိန်ရက် ၉၀ အတွင်း မြေအနေအထားပေါ်မူတည်၍ ရေမှာ အနည်းဆုံးငါးကြိမ်နှင့်အထက် သွင်းရကြောင်း၊ ပျိုးပင်ကို စိုက်ပျိုးခြင်းထက် မျိုးဥစိုက်ပျိုးမှုမှာ အထွက်နှုန်းနည်းပြီး ဥစိုက် အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ နီးပါး ထွက်ရှိကြောင်း၊ ထွက်ရှိသော ကြက်သွန်နီများကို ကမ္မမြို့နှင့်ပခုက္ကူမြို့ ရှိကုန်စည်ဒိုင်များသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ ဥစိုက်ကြက်သွန်နီ စိုက်ပျိုးချိန်သည် မိုးကာလဖြစ်၍ မြက်ပင်များ ရှင်းလင်းရသည့်လုပ်အားခ၊ ထွန်စက်ဖြင့် မြေပြင်ခအပါအဝင် ယခု ၂၀၂၃ခုနှစ်တွင် တစ်ဧကလျှင် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၁၉ သိန်းနီးပါးရှိကြောင်း၊ ယခင်နှစ်က စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၁၆ သိန်းရှိပြီး ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် အမြင့်ဆုံး ကျပ် ၂၅၀၀ ရရှိကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီစိုက်ခင်း ကုန်ကျစရိတ်မှာ မနှစ်ကထက် ပိုမိုကုန်ကျသောကြောင့် ယခုနှစ် ကြက်သွန်နီ ထွက်ရှိချိန်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ရရှိမည်ဆိုပါက ကြက်သွန်စိုက်တောင်သူများအနေဖြင့် အဆင်ပြေမည်ဖြစ်ပါကြောင်း အောက်ကျင်းကျေးရွာနေ ကြက်သွန်စိုက် တောင်သူ ဦးဝင်းနိုင်ထံမှ သိရှိရသည်။



**နှင်းလွင်ဦး**

## တောင်ကိုရီးယားနှင့်ဂျပန်တို့မှ မြန်မာ့ဆားကြမ်းကို တန်ချိန် ရာနှင့်ချီဝယ်ယူရန် ကမ်းလှမ်းထား

နှစ်စဉ် ဆားလိုအပ်ချက်ရှိနေသည့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ မြန်မာ့ဆားကြမ်းများကို တန်ချိန် ရာနှင့်ချီ ဝယ်ယူရန် ကမ်းလှမ်းထားပြီး လက်ရှိမှာ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ဆားတန်ချိန် လေးသိန်းကျော် ထုတ်လုပ်လျက်ရှိပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အဓိကထုတ်လုပ်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ မြန်မာ့ဆားကြမ်း တင်ပို့နိုင်ရန်အတွက် မွန်ဒေသထွက်ဆားကို လျာထားပြီး ဆားနမူနာများကို ဂျပန်နိုင်ငံသို့ ပြီးခဲ့သည့် ဩဂုတ်လတွင်လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ စက်တင်ဘာလတွင်လည်းကောင်း ဆားတန်ချိန် ၂၀ ပါဝင်သည့် ကွန်တိန်နာ တစ်လုံးစီ နမူနာ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

"သူတို့ ဆား လိုအပ်ချက်များနေလို့ ဒီကို လာကမ်းလှမ်းတာပါ။ စံချိန်စံညွှန်းပိုင်းအတွက်



အချိန်နည်းနည်းယူပြီး ပြင်ရမယ်။ ပြီးတာနဲ့တင်ပို့ဖို့ ဆောင်ရွက်ရပါမယ်။ နောက်ပိုင်း ဆက်ဝယ် မဝယ်ကတော့ မြန်မာဘက်ကပို့တဲ့ ဆားနမူနာ ကွာလတီပေါ် စရိတ်တွေဘာတွေ တွက်ချက်ပြီး ဆုံးဖြတ်မှာပါ"ဟု မွန်ပြည်နယ် ဆားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၃၀ ရက်တွင် ပြောသည်။

ဆားကြမ်းနမူနာများ ရရှိထားပြီးသည့်ဂျပန်နိုင်ငံအနေနှင့် ယခု ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဆားလုပ်ငန်းရာသီတွင် အနည်းဆုံး ကွန်တိန်နာ အလုံး ၃၀ (ဆားကြမ်းတန်ချိန် ၆၀၀) မှာယူထားပြီးဖြစ်သည့်အပြင် တောင်ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီတစ်ခုနှင့်လည်း တင်ပို့နိုင်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို စက်တင်ဘာလ နောက်ဆုံးပတ်တွင် ဆောင်ရွက်ထားပြီးဖြစ်သောကြောင့် မွန်ပြည်နယ်မှ ထွက်ရှိသည့် ဆားကြမ်းများကို ယခုနှစ် မကုန်မီ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ဒုတိယ ဆားအများဆုံးထွက်ရှိရာဒေသဖြစ်ပြီး ဆားကွင်း ဧက ၄၅၀၀ ကျော်ဖြင့် လုပ်ကိုင်လျက်ရှိသည့်အပြင် ဆားတန်ချိန် ၅၀၀၀၀ ကျော်အထိ ထုတ်လုပ်နေခြင်းဖြစ်သည်။

အဆိုပါ မွန်ဒေသထွက် ဆားအပါအဝင် မြန်မာ့ဒေသထွက် ဆားများသည် လက်ရှိတွင် ပြည်တွင်းဈေးကွက်ကိုသာ အဓိကတင်ပို့ရောင်းချနေရခြင်းဖြစ်ပြီး လက်ရှိဈေးနှုန်းအနေဖြင့် ရန်ကုန်ဆားဈေးကွက်တွင် လက်လီတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ လက်ကားဈေးနှုန်း တစ်ပိဿာ ကျပ် ၉၀၀ ခန့်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်ပနိုင်ငံများ၏ ကမ်းလှမ်းမှုများကြောင့် ဆားဈေးနှုန်း ပြောင်းလဲလာနိုင်သည့်အပြင် ပြည်တွင်းထုတ်ဆားများသည်လည်း ပြည်ပဈေးကွက်ဝင်ပစ္စည်းဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့သကြားကို ဗီယက်နမ်သို့ ဦးစားပေး တင်ပို့မည်

ပြည်ပနိုင်ငံအချို့မှ မြန်မာ့သကြားကို ဝယ်ယူရန် ကမ်းလှမ်းထားသော်လည်း ဗီယက်နမ်နိုင်ငံသို့သာ ဦးစားပေး တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ပြီးခဲ့သည့် စက်တင်ဘာလကတည်းက မြန်မာ့သကြားဝယ်ယူရန် ကမ်းလှမ်းမှုများရှိသည့်အပြင် ဗီယက်နမ်နိုင်ငံကပါ တန်ချိန် တိုးမြှင့်ဝယ်ယူရန် ကမ်းလှမ်းထားခြင်းဖြစ်သည်။

ယင်းသို့ ကမ်းလှမ်းခဲ့သည့် အမှာစာများကို ယခု ၂၀၂၃ ခုနှစ် ကြံရာသီရောက်မှသာ တင်ပို့ရန် စီစဉ်ထားခြင်းဖြစ်ပြီး မြန်မာ့သကြား အဓိကဝယ်လက်ဖြစ်သည့် ဗီယက်နမ်နိုင်ငံက ပေးပို့သည့် အမှာစာ သကြားတန်ချိန် ၁၀၀၀၀ ကို ဦးစားပေး တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း၌ တစ်နှစ်လျှင် သကြားတန်ချိန် လေးသိန်းခွဲကျော် ထွက်ရှိပြီး ပြည်တွင်းစားသုံးပြီး ပိုလျှံသည့် သကြားကို လက်ရှိတွင် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လက်ရှိ ပြည်တွင်း၌ သကြား တန်ချိန် ၅၀၀၀၀ ကျော်သာရှိသော်လည်း ကြံကြိတ်ရာသီ ဒီဇင်ဘာ မရောက်မီအထိ လုံလောက်မှုရှိကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း လက်ရှိ၌ သကြားဈေးမြင့်တက်နေသည့်အတွက် သကြားစက်များမှ ဈေးတိုးမြှင့်ပေး၍ ဝယ်လာမှုများရှိနေပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ကြံတစ်တန် ကျပ် ၉၀၀၀၀ အထိသာ ဈေးရရှိပြီး ယခု ၂၀၂၃ ခုနှစ်တွင်တော့ စက်ရုံအရောက် ကျပ် ၁၅၀၀၀၀ အထိ ဈေးပေးဝယ်ယူမှုများရှိနေကြောင်း သိရသည်။

မြန်မာ့ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် စတင်ပြီး တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့် စိုက်ပျိုးထုတ်လုပ်နိုင်ကြောင်းသိရသည်။ ကြံကို အဓိကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်း(အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် စိုက်ပျိုးနေပြီး ထုတ်လုပ်မှုအားဖြင့် တစ်နိုင်ငံလုံးတွင် သကြားစက်ရုံပေါင်း ၂၃ ရုံရှိကာ အဆိုပါ စက်ရုံများကို ကြံစိုက်ပျိုးရာနေရာများ၏ အနီးဆုံးတွင် တည်ဆောက် ထုတ်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

## စက္ကူပျော့ဖတ်ထုတ်လုပ်ရန်အတွက် သဘာဝတောများမှ နှစ်စဉ် ကုန်ကြမ်းဝါး အလုံးရေ သန်း ၃၀၀ ကျော်ခန့် ရရှိနေ

စက္ကူပျော့ဖတ်ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းအဖြစ် သုံးနိုင်သည့် ဝါးများကို မြန်မာနိုင်ငံ၏သဘာဝသစ်တောများမှ နှစ်စဉ် ဝါးအလုံးရေ သန်း ၃၀၀ကျော်ခန့် ထုတ်လုပ်ပေးနေကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၌ စက္ကူပျော့ဖတ်ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည့် ကြီးမြန်သစ်မျိုးနှင့် ဝါးမျိုးများစွာရှိပြီး သဘာဝတောများမှ နှစ်စဉ် ဝါးအလုံးရေ ၃၀၁ သန်း ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ထုတ်လုပ်နိုင်မှုသည် ဝါးစက္ကူပျော့ဖတ်စက်ရုံများအတွက် လိုအပ်သောကုန်ကြမ်းကို ပံ့ပိုးပေးနိုင်ပြီး ရေရှည်ကုန်ကြမ်းများရရှိစေရေးအတွက် ဝါးစိုက်ခင်းများနှင့် ကြီးမြန်သစ်မျိုး စိုက်ခင်းများစွာ တိုးချဲ့ စိုက်ပျိုးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ပြည်တွင်း၌ စက္ကူလိုအပ်ချက်များစွာရှိပြီး စက္ကူထုတ်လုပ်ရန် လိုအပ်သည့် ကုန်ကြမ်းကို သစ်၊ ဝါး၊ ကောက်ရိုး၊ ၄က်ပျောများကို အသုံးပြုခြင်း၊ စွန့်ပစ်စက္ကူများကို Recycle နည်းဖြင့် ပြန်လည် ထုတ်လုပ်ခြင်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

ထုတ်လုပ်မှုပိုင်းတွင် ရေနီစက္ကူစက်ရုံမှာ မူလအတိုင်း စက်ရုံလည်ပတ်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားသည့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကိုတော့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပြန်လည် လည်ပတ်နိုင်ခဲ့ကာ စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ စက္ကူထုတ်လုပ်မှုကို ယခင်က ရေနီစက္ကူစက်ရုံနှင့် သာပေါင်းစက္ကူစက်ရုံတို့အပြင် စစ်တောင်းစက္ကူစက်ရုံတွင်လည်း ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းကာလတွင် စစ်တောင်းစက္ကူစက်ရုံအား သက်တမ်းကြာမြင့်ပြီဖြစ်သည့်အတွက် ဖျက်သိမ်းထားကြောင်း သိရသည်။

## မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့

ပြည်တွင်းမှထွက်ရှိသည့် ဝဥများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာတွင် အိမ်နီးချင်း တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေရကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

တရုတ်သို့ ဝဥများတင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကပါ တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းခန့် တင်ပို့နေရခြင်းဖြစ်ကြောင်း သိရသည်။

ဝဥများတင်ပို့ရောင်းချရာ၌ဝဥအခြောက်နှင့် ဝဥအခြောက်ပြားပြုလုပ်၍ တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ဝဥအစိုများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဝဥအခြောက်ကိုတော့ ထိုင်း၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ လာအိုနှင့် ဂျပန် စသည့်နိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများတွင် ဝဥများကို ခေတ်မီနည်းစနစ်များဖြင့် ကုန်ချောအသွင်ပြောင်းကာ မုန့်မျိုးစုံ၊အချိုရည်၊စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများ ထုတ်လုပ်ကြပြီး စွန့်ပစ်ပစ္စည်းများကိုတော့ တိရစ္ဆာန်အစာများအဖြစ် အသုံးပြုကြကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ဝဥများသည် အာရှတိုက်အတွင်းရှိ အခြားသောဒေသများမှ ထွက်ရှိသည့် ဝဥအရည်အသွေးထက် ပိုမိုကောင်းမွန်သဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများက အထူးကြိုက်နှစ်သက် ဝယ်ယူကြကြောင်း သိရသည်။

အထူးသဖြင့် ချင်းပြည်နယ်က ထွက်ရှိသည့် ဝဥများသည် Glucoman-nan ပါဝင်မှုကောင်းမွန်သည့်အတွက် ပြည်တွင်း၌ မန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့ရပြီး မန္တလေး ကုန်စည်ဒိုင်များမှတစ်ဆင့် တရုတ်၊ ကိုရီးယား၊ ဂျပန် စသည့် နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကာ ထိုနိုင်ငံများမှအနက် တရုတ်နိုင်ငံသည် ဝယ်လိုအား အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ဝဥကို မင်းတပ်၊ ကန်ပက်လက်၊ မတူပီနှင့် ဟားခါးမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ မင်းတပ်တွင် ၄၃၂၅ ဧက၊ မတူပီတွင် ၁၅၆၅ ဧက၊ ဟားခါးတွင် ၁၅၅၉ ဧက၊ တီးတိန်တွင် ၈၄၇ ဧက၊ ဖလမ်းတွင် ၆၀၉ ဧက၊ ကန်ပက်လက်တွင် ၂၀၃ ဧကနှင့် အခြားမြို့နယ်တို့တွင် ၉၃၃ ဧက စုစုပေါင်း ဝဥစိုက်ဧက ၁၀၀၄၁ ဧက စိုက်ပျိုးထားသည့်အတွက် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက ချင်းပြည်နယ်သည် ဝဥစိုက်ပျိုးမှု အများဆုံးပြည်နယ်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ချင်းပြည်နယ်တစ်ခုလုံးအတိုင်း အတာအနေဖြင့် တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် ဝဥတန်ချိန် နှစ်သိန်းငါးထောင်ကျော်နီးပါး ထွက်ရှိကြောင်း သိရသည်။

အဆိုပါ ဝဥကို ချင်းပြည်နယ်အပြင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အဓိက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

# “ကလောဆိုရင် မြေဈေးက ခန့်မှန်းလို့ မရဘူး။ အခုက ကြိုက်ရောင်း ကြိုက်ဝယ်ဆိုတဲ့ အနေအထားပေါ့”

## အေးရိပ်မွန်ဗီလာစီမံကိန်း မန်နေဂျာ ဦးရာဇာမိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကလောမြို့သည် အိမ်ရာစီမံကိန်းများ၊ နွေရာသီအပန်းဖြေ နားနေအိမ်များဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေသည့် မြို့ဖြစ်သည်။ ယင်းမြို့တွင် မြို့ပြနှင့် ကျေးလက်ဒေသများမှ အခြေချနေထိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက်ကြောင့် အိမ်၊ ခြံ၊ မြေများ ဝယ်လိုအား၊ ရောင်းလိုအား မြင့်တက်လျက်ရှိသည်။ သို့ဖြစ်ရာ ယင်းမြို့ရှိ အိမ်ရာစီမံကိန်းဖော်ဆောင်မှု၊ ဈေးကွက်အခြေအနေ မည်သို့ရှိနေပါသလဲဆိုခြင်းအား ရှမ်းပြည်နယ်ရှိ အေးရိပ်မွန်ဗီလာစီမံကိန်း၏ စီမံကိန်းမန်နေဂျာ ဦးရာဇာမိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**



**ကလောမြို့ရဲ့ အိမ်ရာဈေးကွက်အခြေအနေ ဘယ်လိုရှိပါသလဲ။**

အခုကတော့ လက်ရှိဖြစ်နေတဲ့အခြေအနေတွေကတော့ တချို့ဒေသတွေကနေ ဆွေမျိုးရှိတဲ့သူတွေက ဆွေမျိုးတွေဆီလာကြတယ်။ ငွေကြေးတတ်နိုင်တဲ့သူတွေက တတ်နိုင်တဲ့ငွေကြေးကို အသုံးချပြီးတော့ ရွှေ့ပြောင်းလာတာကလည်း ဒီအိမ်၊ ခြံ၊ မြေနဲ့ လုံချင်းရောင်းအားပေါ်မှာ သက်ရောက်မှုတစ်ခုရှိတယ်။ နောက်တစ်ခုကတော့ ငွေကြေးဖောင်းပွမှုကို တော်တော်များများက မြေနဲ့ ရွှေမှာထိန်းကြတယ်။ တချို့ကျတော့လည်း ရှိတဲ့ပိုက်ဆံကို ငွေအတိုင်းမထားဘဲနဲ့ လုပ်ငန်းတစ်ခု လုပ်ရင်တောင် ဖိအားတွေများတဲ့အတွက် ဒီမြေပေါ်မှာ ရင်းနှီးမြှုပ်နှံကြတယ်။ အဲ့ဒီအကြောင်းအရာတွေ အချက်အလက်တွေပေါ်မူတည်ပြီးတော့ မြေရဲ့ဝယ်လိုအားက တက်လာတယ်။ ကျွန်တော့်အမြင်ကတော့ ကလော၊ တောင်ကြီးဘက်တွေပေါ့။ ကလောလို့ ပြောပေမယ့် ကလောနဲ့နီးတဲ့ ရွာတွေမှာ ဖော်ဆောင်တဲ့ အိမ်ရာတွေမှာ ရောင်းကြ၊ ဝယ်ကြတယ်။ တောင်ကြီးဆိုလည်း ဒီလိုပဲ။ အားလုံးကတော့ လူသိများပြီးတော့ ဝယ်လိုအားများတဲ့နေရာကို လိုက်ကြတာများတယ်။ ကျွန်တော်တို့ စီမံကိန်းဖော်ဆောင်တဲ့သူတွေအနေ နဲ့ ခိုင်မာမှုရှိတဲ့ မြေနဲ့ ရင်းနှီးမြှုပ်နှံမှုရှိမယ့် နေရာတွေမှာ အကောင်အထည်ဖော်ကြပါတယ်။

**အဲဒီဘက်မှာ မြေဈေးက အရမ်းမြင့်သွားတာမျိုးရှိလား။**

ဈေးတွေကတော့ ပြီးခဲ့တဲ့နှစ်ထက်စာရင် ဆောက်လုပ်ရေးစကားနဲ့ပြောမယ်ဆိုရင် PAE တွေလိုက်မြင့်လာသလိုပဲ၊ အိမ်ခြံမြေဈေးတွေကလည်း ရွှေဈေး၊ဒေါ်လာဈေး မြင့်လာသလိုပဲ ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိ ဝယ်လိုအားပေါ်မှာ နေရာဒေသအလိုက် ကွာခြားပြီးတော့ မြင့်လာတယ်။ ကလောဆိုရင် မြေဈေးက ခန့်မှန်းလို့မရဘူး။ အခုက ကြိုက်ရောင်း၊ ကြိုက်ဝယ်ဆိုတဲ့ အနေအထားရှိတယ်။

**ကလောဘက်ကို ဘယ်ဒေသကနေ ဝယ်ယူရင်းနှီးမြှုပ်နှံမှုတွေ များနေပါသလဲ။**

ကလောဘက်ကိုတော့ ရန်ကုန်မြို့ကသူတွေ တော်တော်များများ ဝယ်ကြတာများပါတယ်။ ကျွန်တော်တို့ ငယ်ငယ်က ခရီးသွားကဏ္ဍမှာဆိုရင် အင်းလေးမသွားခင်၊ ကလောရဲ့ ရာသီဥတုကြောင့်မို့ သူက တိတ်ဆိတ်တယ်။ ငြိမ်သက်တယ်။ အေးချမ်းတယ်။ အဲဒါတွေကြောင့် ခရီးသွားတွေက လာတည်းကြတာရှိတယ်။ နောက်ပိုင်းကျတော့ ကလောမှာ ခရီးသွားက နိုင်ငံခြားသားတွေများလာတယ်။ တဖြည်းဖြည်း တိုးတက်လာတဲ့အခါမှာ မြို့ကလည်း အရင်ကပုံစံမဟုတ်တော့ ခရီးသွားတွေအတွက် အဓိကဖြစ်လာတယ်။ ရွာတွေမှာလည်း အိမ်ရာစီမံကိန်းတွေနဲ့ အရမ်းတိုးတက်သွားတယ်။ အာမခံချက်အနေနဲ့ကတော့ ကလောဘက်ကတော့ အိမ်ခြံမြေက ဝယ်ထားရင် မရှုံးဘူး။ ဆွေစဉ်မျိုးဆက်နေမယ်ဆိုလည်း တကယ်ကို စိတ်ချမ်းသာတဲ့နေရာမျိုး နောက်တစ်ခုက ရာသီဥတုကြောင့်သော် လည်းကောင်း၊ လူတွေ မျက်စိကျတဲ့အတွက် လူတိုင်းဝယ်ချင်တဲ့နေရာ ဖြစ်လာတယ်။ ကလောမှာက ဂရန်မြေတွေ၊ စီမံကိန်းမြေ၊ ရွာမြေတွေကိုပဲ ဝယ်ကြတယ်။ အခုအရောင်းအဝယ်ဖြစ်နေတာက ရွာမြေပေါ့။ ရွာမြေကတော့ ဂရန်ရှိချင်မှရှိမယ်။ သူတို့က နေလာတာကြာပြီဖြစ်တဲ့ မြေတွေပါ။ အဲဒီ

> **“ အာမခံချက်အနေနဲ့ကတော့ ကလောဘက်ကတော့ အိမ်ခြံမြေက ဝယ်ထားရင် မရှုံးဘူး။ ဆွေစဉ်မျိုးဆက်နေမယ်ဆိုလည်း တကယ်ကို စိတ်ချမ်းသာတဲ့နေရာမျိုး နောက်တစ်ခုက ရာသီဥတုကြောင့်သော် လည်းကောင်း၊ လူတွေ မျက်စိကျတဲ့အတွက် လူတိုင်းဝယ်ချင်တဲ့ နေရာ ဖြစ်လာတယ်။**

**တိုပ္ပ**

လို နေရာတွေမှာတောင် အခုဆိုရင် လိုချင်တိုင်း ဝယ်လို့မရတဲ့ အနေအထားရောက်နေတယ်။ ဒီရက်ပိုင်းတွေမှာ ဝယ်အားများတဲ့အတွက် ကြိုက်ရောင်း ကြိုက်ဝယ် ဈေးကွက်ဖြစ်နေပါတယ်။ ကလောမှာက မြို့လယ်နေရာက စီးပွားရေးအရ ဝယ်တာတွေရှိတယ်။ ဟိုတယ်အတွက် တည်ဆောက်ဖို့ ဝယ်လို့ရတဲ့ နေရာတွေရှိတာပေါ့။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ လုံးချင်းတွေက အရောင်းအဝယ်ဖြစ်နေတယ်။ ကလောမြို့ရဲ့ ရာသီဥတုက တိတ်ဆိတ်ငြိမ်သက်တာကြောင့် အဝယ်များကြလိမ့်မယ်။

**အေးရိပ်မွန်ဗီလာရဲ့ အိမ်ရာဈေးကွက် အခြေအနေလေးလည်း ပြောပြပေးပါဦး။**

အရောင်းအဝယ် အခြေအနေကို ပြောရမယ်ဆိုရင်တော့ အိမ်ရာစီမံကိန်း ပွဲတွေလုပ်တယ်။ လုပ်တိုင်းလည်း ရောင်းနေကြရတယ်။ ဘာလို့လဲဆိုတော့ ဝယ်လိုအားများနေတဲ့အတွက် ထိန်းရောင်းနေရတယ်။ နောက် ဒီမှာက တည်ဆောက်ရေးအပိုင်းတွေလည်း ပါတဲ့အတွက် ကျွန်တော်တို့နိုင်တဲ့အားနဲ့ ဈေးနှုန်းကို ပြောင်းလဲမှုပေါ်မှာမူတည်ပြီး ပုံမှန်ဈေးအနေနဲ့ သွားနေရတာပေါ့။ အိမ်ရာနဲ့ပတ်သက်ပြီးကတော့ အခုအချိန်မှာ ရောင်းလိုအား မြင့်နေပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ရှမ်းပြည်မှာက အိမ်ရာစီမံကိန်းတွေက ပုံစံမျိုးစုံရှိကြတယ်။ စီမံကိန်း တစ်ခုနဲ့တစ်ခုက တန်ဖိုးတွေလည်း မတူညီကြပါဘူး။ ဒီမှာက ကျွန်တော်မြို့ပြမှာ မရတဲ့ အရာတွေဖြစ်တဲ့ အေးချမ်းပြီးနေထိုင်နိုင်တဲ့ နေရာမှာ ဈေးနှုန်းအသင့်အတင့်ရှိတဲ့ အိမ်မျိုးကို ပြည်သူလူထုကို ပေးချင်ပါတယ်။ အခုလက်ရှိ အနေအထားမှာတော့ တော်တော်များများက ကယားပြည်နယ်က ရှမ်းပြည်ဘက်ကို ပြောင်းလာကြတာတွေရှိတယ်။ နီးစပ်တဲ့ပတ်ဝန်းကျင်ကို ရွှေ့ပြောင်းလာကြတယ်။ ဒါက ယာယီအနေနဲ့ ရွှေ့ပြောင်းလာကြတာရှိသလို သားသမီးအရေး၊ ပညာရေးအတွက်လည်း အခြေချဖို့ ရွှေ့ပြောင်းလာကြတာရှိပါတယ်။ နီးစပ်ရာသူ့ပတ်ဝန်းကျင်ကို ရွှေ့ပြောင်းနေတဲ့ အပြောင်းအရွှေ့တွေအပေါ်မှာလည်း အိမ်ခြံမြေဈေးကွက်က အတိုင်းအတာတစ်ခု၊ ရာခိုင်နှုန်းတစ်ခုအထိ လိုက်ပါနေတယ်လို့ ပြောလိုပါတယ်။

# ပြည်ခရိုင်တွင် လျှော်ဖြူစေးများ စတင်ထုတ်လုပ်

ပြည်ခရိုင်အတွင်းတွင် လျှော်ဖြူစိုက်ဧကမှာ ၉၅၁ ဧကရှိပြီး အပင်ရေမှာ ၁၁၇၀၅၀ ပင်စိုက်ပျိုးထားကြောင်း သိရသည်။ ယခုနှစ်တွင် ၎င်းအခင်းများထဲမှ ရွှေတောင်၊ ပြည်၊ ပေါက်ခေါင်းမြို့နယ်များရှိ လျှော်ဖြူအပင်ရေ ၁၉၈၀ကို မန်းထစ်ထားပြီး ကြာဇံအစေးများ စမ်းသပ်ထုတ်လုပ်မည်ဟု သိရှိရသည်။ လျှော်ဖြူဈေးကွက်တွင် ရိုးရိုးလျှော်ဖြူစေးနှင့် ကြာဇံစေးဟူ၍ နှစ်မျိုးရှိပြီး ရိုးရိုးလျှော်ဖြူစေးထုတ်လျှင် ကုန်ကျစရိတ်နှင့် တွက်ခြေမကိုက်သည့်အတွက်ကြောင့် ထုတ်ယူခြင်းမပြုဘဲ ကြာဇံစေးသာ စမ်းသပ်ထုတ်လုပ်မည်ဖြစ်သည်။

လျှော်ဖြူဈေးကွက်အနေဖြင့် မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချမှုရှိသလို မန္တလေးဝယ်လက်များမှလည်း လာရောက်ဝယ်ယူလျက်ရှိသည်။ ယခုအချိန်တွင် လျှော်ဖြူစေးထွက်ရှိမှု နည်းပါးနေသောကြောင့် မန္တလေးဈေးကွက်သို့ ကားဖြင့်သာ ချိတ်ဆက်တင်ပို့ရောင်းချမှုများရှိပြီး ဈေးနှုန်းအနေဖြင့် စတင်မန်းထစ်ချိန်တွင် ရိုးရိုးစေးတစ်ပိဿာလျှင် ကျပ် ၈၀၀၀-၁၀၀၀၀ နှင့် ကြာဇံစေး တစ်ပိဿာလျှင် တစ်သိန်းဝန်းကျင်ခန့်ဈေးပေး၍ ဝယ်ယူမှုရှိခဲ့ပြီး ယခုအချိန်တွင် ရိုးရိုးအစေး တစ်ပိဿာလျှင် ကျပ် ၅၀၀၀-၆၀၀၀ နှင့် ကြာဇံအစေးတစ်ပိဿာလျှင် ကျပ် ၈၀၀၀၀-၈၅၀၀၀ ဈေးရရှိကြောင်း သိရသည်။

**အေးမျိုးရွှေ (ပြည်)**

## ပြည်မြို့နယ် မော်ဇာအုပ်စုတွင် ဟင်းသီးဟင်းရွက်များ ရာသီမရွေးထွက်ရှိ

ပြည်မြို့အတွင်းရှိ မော်ဇာကျေးရွာအုပ်စုတွင် ဟင်းသီးဟင်းရွက်များကို နှစ်ပတ်လည် စိုက်ပျိုးရောင်းချကြောင်း သိရသည်။ မော်ဇာကျေးရွာအုပ်စုတွင် ကျေးရွာခွဲ ၁၅ ရွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍လုပ်ကိုင်ကြပြီး အဓိကထား၍ လုပ်ကိုင်ကြသော သီးနှံများမှာ ဖူးစားပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဟင်းသီးဟင်းရွက်များကို အများဆုံးစိုက်ပျိုးကြသည်။ မိုးရာသီတွင် မိုးစပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် ဟင်းသီးဟင်းရွက်ကို အများဆုံး စိုက်ပျိုးကြပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ဖူးစားပြောင်းများကိုလည်း စိုက်ပျိုးကြသည်။

မော်ဇာကျေးရွာအုပ်စုတွင် ဟင်းသီးဟင်းရွက်ကို အများဆုံး စိုက်ပျိုးသော ကျေးရွာများမှာ တောင်လုံးညိုကျေးရွာ၊ ကုလားတန်ကျေးရွာ၊ ကြို့ပင်ကျေးရွာ၊ ဆင်ဖြူကုန်းကျေးရွာနှင့် ရွှေကြို့ပင်ကျေးရွာများတွင် စိုက်ပျိုးကြသည်။ ထိုကျေးရွာများရှိ အိမ်ခြံမြေများတွင်လည်း တစ်နိုင်တစ်ပိုင် သက်တမ်းတို သီးနှံများဖြစ်သော မုန်လာဥ၊ ကြက်သွန်နီ၊ ဘူး၊ သခွား၊ နံနံပင်နှင့် ပြောင်းဖူးများကို စိုက်ပျိုးကြသည်။ မော်ဇာအုပ်စုမှ ထွက်ရှိလာသော ဟင်းသီးဟင်းရွက်များကို အခင်းဖြတ်စနစ်ဖြင့်လည်းကောင်း၊ ကုန်စိမ်းဒိုင်များသို့ အရောက်ပို့စနစ်ဖြင့်လည်းကောင်း၊ ကြားပွဲစားများမှ ဝယ်ယူခြင်းဖြင့်လည်းကောင်း ဈေးကွက်တင်ပို့ရောင်းချကြသည်။

မော်ဇာကျေးရွာကျေးရွာအုပ်စုတွင် ဆောင်းသီးနှံဖြစ် ဟင်းသီးဟင်းရွက်များကို နှစ်စဉ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကြသော်လည်း ယခုအချိန်တွင် ဟင်းသီးဟင်းရွက်များကို ရေလောင်း၍ စိုက်ပျိုးကြသောကြောင့် ရာသီမရွေး အသီးအနှံများ ထွက်ပေါ် ရောင်းချလျက်ရှိသည်။ ရာသီချိန်မဟုတ်ဘဲ ထွက်ပေါ်လာသော အသီးအနှံများမှာ ရာသီချိန် သီးနှံကဲ့သို့ ဖွံ့ဖြိုးမှုမရှိသည်ကို တွေ့ရသည်။ သို့သော် စားသုံးသူများက ရာသီပေါ် သီးနှံမဟုတ်သည့်တိုင် ဝယ်ယူစားသောက်ကြသဖြင့် ဈေးကောင်းရရှိကြောင်း သိရသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူတောင်သူများအနေဖြင့်ဈေးကောင်းရ၍ ရာသီချိန်မဟုတ်သော်လည်း ရေလောင်း၍စိုက်ပျိုးကြသည်။ တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။ မော်ဇာကျေးရွာအုပ်စုတွင် ကုန်စိမ်းဒိုင်ငါးခုထက်မနည်းရှိပြီး ထွက်ရှိလာသောသီးနှံများကို ပြည်မြို့ရှိဈေးကွက်များသို့ တင်ပို့ရောင်းချသလို ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေးနှင့် တည်းကုန်းဈေးများသို့ တင်ပို့ရောင်းချကြောင်းသိရသည်။

**ဝေဝေမင်း(ပြည်)**

## ဘားအံမြို့ မြို့မဈေးတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော သစ်သီးဝလံ ဈေးနှုန်းများ

ဘားအံမြို့ မြို့မဈေးတွင် ရောင်းချနေသော သစ်သီးဝလံများမှာ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မြဝတီမြို့ရှိ သစ်သီးဝလံပွဲရုံများမှ အသီးသီးဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

နိုဝင်ဘာလ စတုတ္ထအပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော သစ်သီး ဝလံဈေးနှုန်းများမှာ နဂါးမောက်သီး(သေး) တစ်လုံးလျှင် ကျပ် ၂၀၀၀ နဂါးမောက်သီး(ကြီး) တစ်လုံးလျှင် ကျပ် ၃၀၀၀၊ စပျစ်သီး (အလုံးကြီး) တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀၊ စပျစ်သီး (အလုံးသေး) တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ စပျစ်သီးအစေ့လွတ် တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀၊ ပန်းသီး(ရိုးရိုး) တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀၊ ပန်းသီး (ယိုးဒယား) တစ်လုံးလျှင် ကျပ် ၂၅၀၀၊ ပန်းသစ်တော်သီး တစ်လုံးလျှင် ကျပ် ၁၇၀၀ မှ ၂၀၀၀၊ ကြွေသစ်တော်သီး တစ်လုံးလျှင် ကျပ် ၂၅၀၀၊ သရက်သီး တစ်လုံးလျှင် ကျပ် ၁၀၀၀ ၊ မာလကာသီး တစ်လုံးလျှင် ကျပ် ၁၀၀၀၊ ဆန်းကစ်သီး တစ်လုံးလျှင် ကျပ် ၁၅၀၀၊ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ကျပ် ၂၀၀၀ မှ ၂၅၀၀၊ သီးမွှေးငှက်ပျော တစ်ဖီးလျှင် ကျပ် ၃၀၀၀ မှ ၃၅၀၀ ၊ ဩဇာသီး တစ်လုံးလျှင် ကျပ် ၅၀၀၊ ထောပတ်သီး တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀၊ ကြက်မောက်သီးတစ်ကီလိုလျှင် ကျပ် ၈၀၀၀၊ ဖရဲသီးတစ်လုံးလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ ၊ နာနတ်သီး(ကြီး)တစ်လုံးလျှင် ကျပ် ၃၅၀၀ နာနတ်သီး (သေး)တစ်လုံးလျှင် ကျပ် ၂၀၀၀၊ ကျွဲကောသီး (သေး) တစ်လုံးလျှင် ကျပ် ၁၅၀၀၊ ကျွဲကောသီး(ကြီး) တစ်လုံးလျှင် ကျပ် ၂၅၀၀ ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဘားအံမြို့ မြို့မဈေးတွင် ရောင်းချလျက်ရှိသော သစ်သီးဆိုင်များထံမှ သိရှိရသည်။

**ZAR- DOCA(Kayin)**

## ကန့်ဘလူ၊ ကျွန်းလှမြို့တို့၌ ရောင်းချနေသည့် အခြေခံစားကုန်

၂၀၂၃ ခုနှစ် နိုဝင်ဘာ စတုတ္ထပတ်အတွင်း ကန့်ဘလူ၊ ကျွန်းလှမြို့တို့တွင် အခြေခံစားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၅၂၀၀ ၊ ရေမင်း တစ်ပြည် ကျပ် ၅၃၀၀ ဖြင့် တည်ငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီ လက်လီဈေးမှာ အကြီး /အသေးအပေါ်မူတည်၍ တစ်ပိဿာလျှင်ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူလက်လီဈေးမှာ(ဗမာ) အလုံးကြီး တစ်ပိဿာ ကျပ် ၁၅၀၀၀၊ အလုံးသေး တစ်ပိဿာ ကျပ် ၁၃၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ချင်းတစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ ငရုတ်သီးခြောက် တစ်ပိဿာ ကျပ်၁၆၀၀၀၊အာလူး အသေး/အကြီး အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ငရုတ်သီးစိမ်း တစ်ပိဿာ ကျပ် ၅၀၀၀ ၊ ခရမ်းချဉ်သီး တစ်ပိဿာ အကြီး/အသေးပေါ် တူတည်ပြီး ကျပ် ၁၈၀၀-၂၀၀၀ ၊ ခရမ်းသီး တစ်ပိဿာ ကျပ် ၇၀၀ ၊ ပန်းဂေါ်ဖီ တစ်ပွင့် ကျပ် ၁၈၀၀-၂၀၀၀ ၊ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ကျပ် ၁၈၀၀-၂၀၀၀၊ ခါကြက်ဥ(တရုတ်)တစ်ပိဿာ ကျပ်၆၀၀၀၊ ခါကြက်ဥ (ဗမာ) တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ၊ သံပရာသီးတစ်လုံးလျှင် ကျပ် ၁၅၀ မှ ၃၀၀ ၊ ကန်ဇွန်းရွက် တစ်စည်းလျှင် ကျပ် ၁၅၀၊ ပဲတောင့်ရှည် တစ်စည်းလျှင် ကျပ် ၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

ကြက်ဥလက်လီဈေးနှုန်းမှာ (အကြီး)တစ်လုံး ၂၅၀ ကျပ်၊ (အသေး)တစ်လုံး ကျပ် ၂၃၀၊ ဘဲဥတစ်လုံး ကျပ် ၂၈၀ ရှိသည်။ ကန့်ဘလူ၊ ကျွန်းလှမြို့တို့၏ အသား /ငါးဈေးနှုန်းများမှာ ကြက်သား(CP) ကျပ် ၁၂၀၀၀၊ ကြက်သား(ဗမာ) ကျပ် ၁၃၀၀၀ ၊ ဝက်သား တစ်ပိဿာ ကျပ် ၁၆၅၀၀ ၊ အမဲသား တစ်ပိဿာ ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ငါးကြင်းအကောင်လိုက် တစ်ပိဿာ ကျပ် ၉၀၀၀ ၊ ငါးကြင်းခုတ်သားဈေးမှာ တစ်ပိဿာ ကျပ် ၁၆၀၀၀ ၊ တီလားဗီးယားငါးအသေး တစ်ပိဿာ ကျပ် ၅၀၀၀၊ အကြီး တစ်ပိဿာ ကျပ် ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

စားသုံးဆီဈေးနှုန်းမှာ မြေပဲဆီသန့် တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ စားအုန်းဆီတစ်ပိသာလျှင် ကျပ် ၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်အတွင်း အခြေခံစားကုန်ဈေးနှုန်းများအား ယခင်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် အခြားအခြေခံစားကုန်ဈေးနှုန်းများ ကွာဟမှုမရှိကြောင်းနှင့် အသားဈေးများ တည်ငြိမ်လျက်ရှိနေပြီး ငါးဈေးနှုန်းများ အနည်းငယ် လျော့ကျလာသည်။ ကြက်သွန်ဖြူဈေးနှုန်းအနည်းငယ် မြင့်တက်လာကာ အသီးအနှံဈေးများ အနည်းငယ် လျော့ကျလျက်ရှိကြောင်း ကန့်ဘလူမြို့မဈေး ရောင်းချသူများထံမှ သိရှိရသည်။

**ဝေဝေအောင်(ကျွန်းလှ)**



## သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် နိုဝင်ဘာ ၂၂ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ ကျောက်ဆည်၊ ပြည်မှ ရွှေငှက်ပျောသီး တစ်ဖီးအလုံးကြီး ကျပ် ၆၀၀၀၊ အလုံးသေး ကျပ် ၃၅၀၀၊ တောင်ငူ၊ ကျောက်ဆည်မှ တောင်ငူ ငှက်ပျောသီးတစ်ဖီး အလုံးကြီး ကျပ် ၇၀၀၀၊ အလုံးသေး ကျပ် ၃၅၀၀၊ ဘိုကလေးမှ ငှက်ပျောသီး ဖီးကြမ်း အလုံးကြီး ကျပ် ၂၅၀၀၊ အလုံးသေး ကျပ် ၁၅၀၀၊ ဝမ်းတွင်းမှ ဖရဲသီး(၈၅၅) အလုံးကြီး ကျပ် ၅၀၀၀၊ အလုံးလတ် ကျပ် ၄၀၀၀၊ အလုံးသေး ကျပ် ၃၅၀၀၊ ဝမ်းတွင်းမှ ဖရဲသီး (၂၁၁) အလုံးကြီး ကျပ် ၆၀၀၀၊ အလုံးလတ် ကျပ် ၅၀၀၀၊ အလုံးသေး ကျပ် ၄၅၀၀၊ မော်လမြိုင် မှ ကျွဲကောသီး အလုံးကြီး ကျပ် ၁၀၀၀၊ အလုံးလတ် ကျပ် ၅၀၀၊ အလုံးသေး ကျပ် ၃၀၀၊ တိုက်ကြီးမှ မာလကာသီး အလုံးကြီး ကျပ် ၈၀၀၊ အလုံးလတ် ကျပ် ၇၀၀၊ အလုံးသေး ကျပ် ၅၀၀၊ သီပေါမှ နာနတ်သီးအလုံးကြီး ကျပ် ၂၅၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အလုံးသေး ကျပ်၁၀၀၀၊ အောင်ပန်းမှ ထောပတ်သီး တစ်သေတ္တာ အလုံး ၆၀ လုံးပါ အလုံးကြီး ကျပ် ၁၅၀၀၀၊ တိုက်ကြီးမှ ပီလောပီနံ တစ်ပိဿာ အလုံးကြီး ကျပ် ၈၀၀၊ အောင်ပန်းမှ လိမ္မော်သီး တစ်ပိဿာ အလုံးကြီး ကျပ် ၃၀၀၀၊ ပြင်ဦးလွင်မှ ဘောက်သီး တစ်ပိဿာ အလုံးကြီး ကျပ်၁၂၀၀၀၊ အလုံးလတ် ကျပ်၁၀၀၀၀၊ အလုံးသေး ကျပ် ၈၀၀၀၊ ပြင်ဦးလွင်မှ နဂါးမောက်သီး တစ်ဖာ အလုံး ၃၀ လုံးပါ အလုံးကြီး ကျပ် ၃၀၀၀၀၊ အလုံးလတ် ကျပ် ၂၅၀၀၀၊ အလုံးသေး ကျပ် ၂၀၀၀၀၊ ပြင်ဦးလွင်မှ အာတာလွတ်ဥ တစ်ပိဿာ အလုံးကြီး ကျပ် ၂၅၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အလုံးသေး ကျပ် ၁၀၀၀၊ ဟသ်ာတမှ ထန်းမြစ် တစ်စည်း အစည်းကြီး ကျပ် ၂၅၀၀၊ အစည်းလတ် ကျပ် ၂၀၀၀၊ ပြည်မှဆီးသီး(အချဉ်) တစ်ပြည် အလုံးကြီး ကျပ် ၁၅၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (MFVP) မှသိရှိရသည်။

STDT
(Yangon)

# တညင်းကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိတညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ နိုဝင်ဘာ ၂၂ ရက် မှ နိုဝင်ဘာ ၂၈ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စု ကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၁၀၀၀ မှ ၁၄၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၀၀ မှ ၁၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်) ကျပ် ၇၀၀ မှ ၁၈၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၃၆၀၀ မှ ၃၈၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ)ကျပ် ၄၅၀၀မှ ၅၀၀၀အတွင်း ရွှေဖရုံသီး(လုံး)ကျပ် ၉၀၀ မှ ၅၄၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၁၀၀၀ မှ ၁၈၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ)ကျပ် ၂၅၀၀ မှ ၃၀၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)ကျပ် ၂၄၀၀ မှ ၃၈၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)ကျပ် ၁၁၀၀၀ မှ ၁၄၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၁၂၅၀၀ မှ ၁၃၀၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၅၀၀၀ မှ ၆၀၀၀ အတွင်း၊ ဆလပ်ရွက်(စီး) ကျပ် ၂၀၀ မှ ၃၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စည်း) ကျပ် ၁၀၀မှ ၂၀၀ အတွင်း၊ ခရမ်းသီး (ရှည်)(ပိဿာ)ကျပ် ၁၃၀၀ မှ ၁၈၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ)ကျပ် ၂၅၀၀ မှ ၃၈၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၁၅၀၀ မှ ၆၀၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။

တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၁၅၆၅၂၀၀ ကျော်၊ ခရမ်းသီး(ရှည်) (ပိဿာ) ၃၂၀၅၀ကျော်၊ ဘူးသီးအလုံးပေါင်း ၁၃၆၇၆ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၆၁၀၅ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၆၉၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၂၉၁၁၂ ကျော်၊ မုန်ညင်းထုပ်(ပိဿာ)ပေါင်း၉၇၉၅ကျော်၊ ဖရဲသီးလုံးပေါင်း ၂၄၆၃၇ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**လွဲလွဲစိုး**
**(ရန်ကုန်)**

# ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော အခြေခံစားသောက်ကုန်ဈေးနှုန်းများ



ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၌ ၂၄-၁၁- ၂၀၂၃ မှ ၂၈-၁၁-၂၀၂၃ ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ ကြက်သွန်ဖြူ(ကြူကုတ်-ရှယ်) တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၁၂၅၀၀ မှ အနိမ့်ဈေး ကျပ် ၁၁၅၀၀ ထိလည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၂) တစ်ပိဿာလျှင် ကျပ် ၁၀၃၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၃) တစ်ပိဿာလျှင် ကျပ် ၁၀၈၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၄) တစ်ပိဿာလျှင် ကျပ် ၁၁၃၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၅) တစ်ပိဿာလျှင် ကျပ် ၁၁၈၀၀ ဖြင့်လည်းကောင်း၊ ငရုတ်သီး (ဆင်ဖြူကျွန်း-ပု) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀ ထိလည်းကောင်း၊ ငရုတ်သီး(အိမ်မဲ-ရှည်) ၁ ပိဿာလျှင် ကျပ် ၆၀၀၀မှ ကျပ်၇၀၀၀ ထိလည်းကောင်း၊ ငရုတ်သီး(ပန်းရဲ-သစ်) တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၉၀၀၀ ထိလည်းကောင်း၊ ငရုတ်သီး မြစ်ဝ(ပု) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀ ထိလည်းကောင်း၊ မန်ကျည်းသီး (ကပ်ပွင့်) တစ်ပိဿာလျှင် ကျပ် ၁၁၀၀ မှ ၁၂၀၀ ထိလည်းကောင်း၊ မန်ကျည်းသီး (အသား) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၅၀၀ ထိလည်းကောင်း၊ ကြံသကာ (အိတ်သွတ်စ) တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဖြင့်လည်းကောင်း၊ ကြံသကာ (သစ်) တစ်ပိဿာလျှင် ကျပ် ၄၁၀၀ ဖြင့် လည်းကောင်း၊ သကြား (ပြည်တွင်း) တစ်ပိဿာလျှင် ကျပ် ၃၇၆၀ မှ ၃၇၈၀ ထိလည်းကောင်း၊ ထန်းလျက်(တောင်သာ) တစ်ပိဿာလျှင် ကျပ် ၃၈၀၀ မှ ကျပ် ၄၀၀၀ ထိလည်းကောင်း၊ ထန်းလျက် (ညောင်ဦး) တစ်ပိဿာလျှင် ကျပ် ၄၃၀၀ မှ ၄၄၀၀ ထိလည်းကောင်း၊ ရေစကြို ထန်းလျက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ကျပ် ၅၆၀၀ ကျပ်ထိလည်းကောင်း၊ အာလူး (တရုတ်) တစ်ပိဿာလျှင် ကျပ် ၃၂၀၀ မှ ၃၃၀၀ ကျပ်ဖြင့်လည်းကောင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ မှ ၃၉၀၀ ထိလည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့ပြီး အခြေခံစားသောက်ကုန်များမှာ ဈေးနှုန်းအနည်းငယ်သာ အတက်အကျ ဖြစ်လျက်ရှိပြီး ကြက်သွန်ဖြူဈေးနှုန်းနှင့်အာလူးဈေးနှုန်းများ အနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း တွေ့ရှိရသည်။

**နှင်းနွယ်** (DOCAYGN)

# ပုဇွန်တောင်မြို့နယ်ဈေးကွက်တွင် ရောင်းချနေသော အခြေခံစားသောက်ကုန်ဈေးနှုန်းများ

နိုဝင်ဘာ နောက်ဆုံးပတ်အတွင်း ပုဇွန်တောင်မြို့နယ်၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ကြမ်း/ချော အမျိုးအစားအလိုက် (ထိပ်စ/လတ်စ/နိမ့်စ )များတွင် ဧည့်မထ တစ်အိတ်လျှင် ကျပ် ၇၈၀၀၀-၇၅၅၀၀-၇၃၀၀၀)ကျပ်၊မနောသုခ တစ်အိတ်လျှင် ကျပ် ၉၄၅၀၀-၉၀၀၀၀- ၈၅၅၀၀ ထိလည်းကောင်း၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်အိတ်လျှင် ကျပ် ၁၆၆၅၀၀-၁၆၂၀၀၀- ၁၅၇၀၀၀ ထိ၊ ပေါ်ဆန်းမွှေး(ပုသိမ်) တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀ ဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေး(ဖျာပုံ) တစ်အိတ်လျှင် ကျပ် ၁၃၅၅၀၀ ဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေး (မြောင်းမြ)တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ဖြင့်လည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၂၀၀၊ ပဲဆီ(ရိုးရိုး) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီဆိုဒ်စုံ တစ်ပိဿာလျှင် ကျပ် ၃၄၀၀ -၄၀၀၀-၄၂၀၀၊ ကြက်သွန်ဖြူ(ဥ) တစ်လုံး တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀-၂၀၀၀၀၊ ကြက်သွန်ဖြူ(အမွှာ) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၅၀၀ - ၄၀၀၀၊ နနွင်းမှုန့် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ အိုင်အိုဒင်းဆား/ရိုးရိုးဆား တစ်ထုပ်လျှင် ကျပ် ၅၀၀၊ ငရုပ်တောင့် (ရှည်) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ငရုတ်တောင့်(ပု) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ပဲဝါလေး တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ကုလားပဲခြမ်း တစ်ပိဿာလျှင် (၆၄၀၀)ကျပ်၊ ချင်းတစ်ပိဿာလျှင် ကျပ် ၇၀၀၀ - ၈၀၀၀ ဖြင့်လည်းကောင်း၊ ပုစွန်ခြောက်(ကြီး) တစ်ပိဿာလျှင် ကျပ် ၈၀၀၀၀၊ ပုစွန်ခြောက်(လတ်) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၀၊ ပုဇွန်ခြောက် (သေး) တစ်ပိဿာလျှင် ကျပ် ၅၅၀၀၀ - ၆၀၀၀၀ နှင့် ငါးကျည်းခြောက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၀ -၇၅၀၀၀ တို့ဖြင့် လည်းကောင်း၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ - ၁၇၀၀၀ ကျပ်၊ ဘဲသား တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ -၁၄၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၂၈၀၀၀၊ အမဲသားတစ် ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မွေးမြူရေးကြက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀-၁၁၀၀၀၊ မြန်မာကြက် တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀-၂၃၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၅၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၇၅၀၀ နှင့် ပင်လယ်ငါး တစ်ပိဿာ လျှင် ကျပ် ၆၀၀၀-၇၀၀၀ထိလည်းကောင်း ဈေးနှုန်းအသီးသီးဖြင့် ရန်ကုန်တိုင်း ဒေသကြီး ပုဇွန်တောင်ဈေးအတွင်း အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်း သိရသည်။

**EAST- DOCA**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ဖုန်း-၀၁ ၃၈၅၃၂၃ အီးမေးလ်-mitcmyantrade@gmail.com
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၁ ၉၆၆၉၉၅၉ အီးမေးလ်-mhcyangon@gmail.com

**ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-**

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၇/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-2221005,Ph:083-2221005<br>email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။<br>Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

# တောင်ကိုရီးယားနိုင်ငံမှ ချစ်ပ်ပြားနှင့်ကားများ တင်ပို့မှု မြင့်မားလာ



၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမ ရက် ၂၀ အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ် အလားတူကာက တင်ပို့မှုထက် ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်မားလာခဲ့သည်။ ချစ်ပ်ပြားနှင့် ကားများကို ပြည်ပမှဝယ်လိုအားမြင့်မားခဲ့သဖြင့် ပို့ကုန်တင်ပို့မှု ပမာဏ မြင့်မားခဲ့သည်ဟု ကိုရီးယားအကောက်ခွန် ဝန်ဆောင်မှုဌာနမှ နိုဝင်ဘာ ၂၁ ရက်နေ့တွင် ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက် မှ ၂၀ရက်အထိ စုစုပေါင်း ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၇၉ ဘီလီယံရရှိခဲ့ရာ ယခင်နှစ် အလားတူကာလ တင်ပို့မှုဝင်ငွေဖြစ်သည့် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ဝ၇ ဘီလီယံထက် ပိုမိုခဲ့သည်ဟု ကိုရီးယားအကောက်ခွန် ဝန်ဆောင်မှုဌာနမှ ထုတ်ပြန်ထားသည့်အပြင် ယင်းကာလအတွင်း တစ်ရက်တာတင်ပို့မှု ဝင်ငွေသည်လည်း ယခင်နှစ် အလားတူကာလက တစ်ရက်တာ တင်ပို့မှုဝင်ငွေထက် ၂ဒသမ ၂ရာခိုင်နှုန်း မြင့်မားလာပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈ဘီလီယံရရှိခဲ့သည်ဟု ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာနက ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ လအလိုက်ပို့ကုန်တင်ပို့မှုဝင်ငွေသည် ယခင်နှစ် အလားတူကာလက တင်ပို့မှုဝင်ငွေထက် လျော့နည်းနေခဲ့ရာမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ၁၃ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ယခင်နှစ် အလားတူကာလက ဝင်ငွေထက် ၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားလာခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံရရှိခဲ့သည်ဟု တောင်ကိုရီးယားအကောက်ခွန် ဝန်ဆောင်မှုဌာနမှ ထုတ်ပြန်ပြီး ကမ္ဘာ့ဈေးကွက်သို့ ချစ်ပ်ပြားနှင့်ကားများ တင်ပို့မှုမြင့်မားခဲ့သည့်အတွက် စုစုပေါင်းပို့ကုန်တင်ပို့မှုပမာဏ မြင့်မားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်နေ့အထိ ကာလအတွင်း ပို့ကုန်တင်ပို့မှုသည် ယခင်နှစ် အလားတူကာလကထက် မြင့်မားခဲ့သော်လည်း သွင်းကုန်တင်သွင်းမှုတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၂၁ ဘီလီယံဖိုး ဝယ်ယူတင်သွင်းခဲ့ရသည်။ သို့သော် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမရက် ၂၀အထိကာလအတွင်း သွင်းကုန်တင်သွင်းမှုက ပို့ကုန်တင်သွင်းမှုထက် မြင့်မားနေသဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ကုန်သွယ်မှုလိုငွေပြခဲ့သည်။

ချစ်ပ်ပြားတင်ပို့မှုသည် နိုင်ငံစုစုပေါင်းကုန်စည်များတင်ပို့မှု၏ ၁၆ ရာခိုင်နှုန်းရှိသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမရက် ၂၀ အထိ ကာလအတွင်း ချစ်ပ်ပြားတင်ပို့မှုသည် ယခင်နှစ် အလားတူကာလက တင်ပို့မှုထက် ၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်မားခဲ့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၁ ဘီလီယံ ရရှိခဲ့သည်။ ကားတင်ပို့မှုသည်လည်း ယခင်နှစ် အလားတူကာလက တင်ပို့မှုထက် ၂၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံ ရရှိခဲ့သည်။ ချစ်ပ်ပြားနှင့်ကားများအပြင် ရေနံထွက်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများ တင်ပို့မှုလည်း မြင့်မားခဲ့သည်။ သို့သော် စတီးလ်နှင့်ကားအစိတ်အပိုင်းများတင်ပို့မှုသည် ယခင်နှစ် အလားတူကာလကတင်ပို့မှုထက် လျော့နည်းခဲ့သည်။

**ပပ(စီးပွားရေးသံမှူး)၊ ကိုရီးယားသမ္မတနိုင်ငံ**

# ဒီဇင်ဘာလအတွင်း ကြက်သွန်နီ တန်ချိန် နှစ်သောင်းကျော် ဖိလစ်ပိုင် တင်သွင်းမည်

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဒီဇင်ဘာလအတွင်း ကြက်သွန်နီ တန်ချိန် ၂၁၀၀၀ တင်သွင်းရန်ရှိကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန် ကြီးဌာနက ပြောကြားခဲ့သည်။ လာမည့်ခရစ္စမတ်ရာသီအတွင်း ကြက်သွန်နီပြတ်လပ်ပြီး ဈေးနှုန်း မတက်စေရန်နှင့် လိုအပ်သည့် ပမာဏအား ဖြည့်တင်းနိုင်ရေးတင်သွင်းသွားမည်ဖြစ်ကြောင်း၊ တစ်ကီလိုလျှင် ပီဆို-၁၀ မှ ပီဆို-၂၀ ထိ ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့သော်လည်း ကြက်သွန်နီလက်ကျန် ကုန်လုနီးပါးထိ ဈေးကွက်တွင်း ဖြန့်ချိထားကြောင်း၊ လာမည့်လအတွက် အလုံအလောက် အချိန်မီ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းကြက်သွန်နီမှာ တစ်ကီလိုလျှင် ပီဆို-၁၄၀ မှပီဆို-၁၈၀ ထိဈေးရှိပါကြောင်း၊ လာမည့် သီတင်းပတ်အတွင်း ဈေးနှုန်း ကျဆင်းလာနိုင်ကြောင်း၊ ကြက်သွန်နီတင်သွင်းထားမှုများ ပြည်တွင်းဈေးကွက်သို့ အလုံးအရင်းဝင်ရောက်ခဲ့သည့်ကိစ္စအပေါ် ရှင်းလင်းတင်ပြရန် လွှန်ခဲ့သောလက ဖိလစ်ပိုင်လွှတ်တော်မှ စိုက်ပျိုးရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် လွှတ်တော်စိုက်ပျိုးရေးနှင့် အစားအစာဌာနမှ မေးမြန်းထားသည့်အပေါ် Bureau of Plant and Industry ၏ ဖြေကြားမှုအား ဌာနတွင်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ Bureau of Plant and Industry မှ တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်များအား အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းထားရှိမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအပေါ် ပြန်လည်သုံးသပ်လျက်ရှိကြောင်း ထပ်မံပြောကြားခဲ့သည်။

တစ်လတာခံ လတ်ဆတ်သည့်ဟင်းသီးဟင်းရွက်များအတွက် ဌာနတွင်း လုပ်ငန်းစဉ်ဆောင်ရွက်မှုသည် ရက်ပေါင်း ၆၀ခန့် ကြာမြင့်လေ့ရှိသဖြင့် တင်သွင်းရောက်ရှိလာမည့် ဟင်းသီးဟင်းရွက်များအတွက် ပိုမိုထိရောက်သောလုပ်ငန်းစဉ် အချိန်မီဆောင်ရွက်ပေးနိုင်မှု၊ အအေးခန်းထိန်းသိမ်းထားရှိမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများ ချမှတ်ပေးသွားရန် လိုအပ်ကြောင်း သိရသည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး)**
**မနီလာမြို့။**

# အထည်အလိပ်နှင့်ချည်ထည် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံရရှိရန် ဗီယက်နမ် ရည်မှန်း

ဗီယက်နမ်အထည်အလိပ်နှင့်ချည်ထည်များအသင်း(VITAS)သည် ယခုနှစ်နောက်ဆုံး သုံးလပတ်တွင် အပြုသဘောဆောင်သော ပြောင်းလဲမှုများကို မြင်တွေ့ရသောကြောင့် အထည်အလိပ်နှင့် ချည်ထည် တင်ပို့မှုမှ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံရရှိရန် ရည်မှန်းထားရှိကြောင်း သိရှိရသည်။



VITAS ဥက္ကဋ္ဌ Vu Duc Giang က မကြာသေးမီက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ယခုနှစ်တွင် ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ရှိပြီး ယခင်နှစ်ကထက် ၉ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ကိုဗစ်(၁၉) ကပ်ရောဂါ၏ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် ဝယ်လိုအား ကျဆင်းမှုများကြားတွင် ဗီယက်နမ် အထည်အလိပ်နှင့် အထည်ချုပ် ထုတ်ကုန်များအား နိုင်ငံနှင့် နယ်မြေ ၁၀၄ ခုသို့ တင်ပို့နိုင်မှုသည် စံချိန်တင်နိုင်သကဲ့သို့ စီးပွားရေးအသိုင်းအဝိုင်း၏ ကြီးမားသော ကြိုးပမ်းအားထုတ်မှုကို ပြသသည့် အောင်မြင်မှု တစ်ခုဖြစ်သည်ဟု Giang က ပြောကြားခဲ့သည်။

VITAS ၏ အဆိုအရ အမေရိကန်သည် စက်တင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ဖြင့် ဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အထည် ထုတ်ကုန်များကို အကြီးမားဆုံး တင်သွင်းသူအဖြစ်ရှိနေခဲ့ပြီး ၎င်းနောက်မှ ဂျပန်က အမေရိကန်ဒေါ်လာ သုံးဘီလီယံ၊ ကိုရီးယားသမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃ဘီလီယံ၊အီးယူမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံတို့ အသီးသီး တင်သွင်းခဲ့ကြကြောင်း ဖော်ပြထားသည်။

အဓိကဈေးကွက်များထဲတွင် အီးယူသို့ ဗီယက်နမ်၏ တင်ပို့မှုမှာ ကိုးလအတွင်း ဝင်ငွေ ၁၃ ရာခိုင်နှုန်း ကျဆင်းသွားသဖြင့် မျှော်မှန်းချက် ပြည့်မီခြင်းမရှိခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သူများသည် ပြည်ပသို့ တင်ပို့ရန် ထုတ်ကုန်များ ကွဲပြားစေရန် ထုတ်ကုန်အမျိုးအစား ၃၆ မျိုး တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

ဗီယက်နမ်၏ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းသည် ကြီးမားသောဈေးကွက်အပေါ် မှီခိုအားထားမှုကို လျှော့ချရန်အတွက် ဈေးကွက်များ၊ ထုတ်ကုန်များ၊ ဖောက်သည်များနှင့် မိတ်ဖက်များကို ကွဲပြားစေခြင်းသည် မှီခိုအားထားမှုကို လျှော့ချရန် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ လာမည့်နှစ် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း Giang က ပြောကြားခဲ့သည်။

VITAS ၏အဆိုအရ အထည်ချုပ်လုပ်ငန်းသည် အစိမ်းရောင်ထုတ်လုပ်မှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတို့နှင့်အတူ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအမံများကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ VITAS က ဗီယက်နမ်အနေဖြင့် ၎င်း၏ဖက်ရှင်လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် အာရုံစိုက်ရန် လိုအပ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုတွင် ပြည်တွင်းအမှတ်တံဆိပ်များ ဖန်တီးခြင်းနှင့် ယင်းအမှတ်တံဆိပ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသိအမှတ်ပြုမှုကို ထူထောင်ရန်တို့ ပါဝင်ကြောင်း သိရှိရသည်။ VITAS၏ အဓိကရည်ရွယ်ချက်မှာ ဗီယက်နမ်ဖက်ရှင်အမှတ်တံဆိပ်များ အသိအမှတ်ပြုမှုရရှိရေးနှင့် နိုင်ငံတကာဈေးကွက်တွင် မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

**စီးပွားရေးသံမှူး**
**(ဗီယက်နမ်)**



# ပဲနီလေး၊ မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းမှု အိန္ဒိယအများဆုံးဖြစ်

အိန္ဒိယနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားတိုင်းပြည်များမှ ပဲမျိုးစုံတင်သွင်းမှု နှစ်ဆကျော် မြင့်တက်ခဲ့သည်။ အကြောင်းမှာ နိုင်ငံ၏အဓိက ပဲစိုက်ပျိုးရာ ဒေသများတွင် အနောက်တောင်မုတ်သုံမိုး နည်းပါးခဲ့ပြီး ပဲစိုက်ပျိုးထွက်ရှိမှုအပေါ် ထိခိုက်မှုရှိခဲ့သည့်အတွက်ဖြစ်ကြောင်း The Hindu Business Line သတင်းဌာနက နိုဝင်ဘာ ၉ ရက်တွင်က ဖော်ပြထားသည်။

နောက်ဆုံးရရှိသော တရားဝင်စာရင်းများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာအတွင်း အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံဝယ်ယူမှုပမာဏ တန်ချိန် ၁၄ ဒသမ ၈၅ သိန်းရှိခဲ့ကြောင်း သိရသည်။ ယခင်ဘဏ္ဍာနှစ်ကာလတူရှိ တန်ချိန် ၆ ဒသမ ၉၈သိန်းသာရှိ၍ ၁၁၃ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာအရကြည့်လျှင် တန်ဖိုးအားဖြင့် ယမန်နှစ်ကာလတူက ၅၉၅ သန်းသာရှိခဲ့ရာမှ ယခုနှစ် အဆိုပါကာလအတွင်း ၁ ဒသမ ၂၆ ဘီလီယံကျော်သို့ မြင့်တက်ခဲ့ကြောင်း တွေ့ရသည်။ ရူပီးအားဖြင့် လွန်ခဲ့သော နှစ်ကာလတူက ၄၆ ဒသမ ၉၅ ဘီလီယံရှိခဲ့ပြီး ယခုနှစ်တွင် ၁၀၄ ဒသမ ၄၀ ဘီလီယံရှိသည့်အတွက် ၁၁၂ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရသည်။

အဆိုပါ ပဲမျိုးစုံဝယ်ယူတင်သွင်းမှုများအနက် ပဲနီလေး၊ ပဲစင်းငုံနှင့် မတ်ပဲတို့က အများဆုံးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပဲနီလေး တန်ချိန် ၈ ဒသမ ၀၂ သိန်း တင်သွင်းခဲ့ပြီး ယမန်နှစ်ကာလတူက တန်ချိန် ၂ ဒသမ ၈၁သိန်းသာ တင်သွင်းခဲ့သည့်အတွက် ၁၈၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုမှ ပဲနီလေး တန်ချိန် ၈ ဒသမ ၅၈ သိန်း တင်သွင်းခဲ့ပြီးဖြစ်သည်။ ယခုအခါ အိန္ဒိယနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုမှတင်ပို့သော ပဲနီလေးအပေါ် တန်ပြန် ခွန်များ (retaliatory customs tariff) စည်းကြပ်ကောက်ခံမှုကို မကြာသေးမီက ဖယ်ရှားလိုက်သည့်အတွက် ပဲနီလေးတင်ပို့မှု နှစ်ဆမြင့်တက်လာကြောင်း တွေ့ရှိရပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အကုန်တွင် တန်ချိန် ၁ သန်းကျော်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံ၏ ပဲနီလေးစိုက်ပျိုးမှုအခြေအနေမှာ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ ရာဘီ(ဆောင်းသီးနှံ) ဟက်တာ ၁၂ ဒသမ ၇၄ သိန်းရှိပြီး ယခင်နှစ်ကာလတူက ဟက်တာ ၁၂ ဒသမ ၀၃ သိန်းရှိခဲ့သည့်အတွက် အနည်းငယ် တိုးတက်လာကြောင်း တွေ့ရသည်။ သို့သော် ပုံမှန်ရှိရမည့် ပဲနီလေးစိုက်ပျိုးဧရိယာမှာ ဟက်တာ ၁၄ ဒသမ ၃၇ သိန်းဖြစ်ကြောင်း သိရသည်။ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ကုလားပဲ စိုက်ဧက ကျဆင်းလာမှုနှင့်အတူ ကျန်ပဲမျိုးစုံ စိုက်ဧကများလည်း ကျဆင်းလာလျက်ရှိကြောင်း တွေ့ရသည်။

အိန္ဒိယနိုင်ငံမှ ပဲစင်းငုံတင်သွင်းမှုမှာ ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ တန်ချိန် ၂ဒသမ ၇၄ သိန်းနှင့် ယခင်နှစ်ကာလတူက တန်ချိန် ၁ ဒသမ ၅၆ သိန်းရှိခဲ့သည့်အတွက် ၇၅ ရာခိုင်နှုန်း တိုးမြင့်လာသည်။ အလားတူ မတ်ပဲတင်သွင်းမှုမှာ တန်ချိန် ၂ ဒသမ ၄ သိန်းရှိပြီး ယခင်နှစ်ကာလတူက တန်ချိန် ၁ ဒသမ ၇၂ သိန်းရှိခဲ့သည့်အတွက် ၃၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။ ပဲစင်းငုံတင်သွင်းမှုမှာ အများဆုံးဖြစ်ကြောင်းတွေ့ရသော်လည်း မကြာသေးမီက မိုဇန်ဘစ်နိုင်ငံကဲ့သို့ အရှေ့အာဖရိကနိုင်ငံများတွင် ပဲတင်ပို့မှုများ၌ နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ခုနှစ်က ပဲစင်းငုံနှင့် မတ်ပဲကို တန်ချိန် ၈ ဒသမ ၉၄ သိန်းနှင့် ၅ ဒသမ ၂၄ သိန်း အသီးသီး တင်သွင်းခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံတင်သွင်းမှု ဆက်လက်တိုးမြင့်လာဖွယ်ရှိပြီး လက်ရှိဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ထက် တင်သွင်းမှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ အကြောင်းမှာ လာမည့်နှစ် ဇန်နဝါရီလကုန်ပိုင်းမှသာ ပဲစင်းငုံနှင့်မတ်ပဲအသစ်များပေါ်မှာဖြစ်သည့်အတွက်ဟု IGrain India မှ ကျွမ်းကျင်သူRahul Chauhan က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် မတ်ပဲ တန်ချိန် ၆ ဒသမ ၅ သိန်းခန့်နှင့် ပဲစင်းငုံ တန်ချိန် ငါးသိန်းခန့်ထွက်ရှိမည်ဟု ၎င်းက ခန့်မှန်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံ တန်ချိန် ၁၅ ဒသမ ၂၉ သိန်း တင်သွင်းခဲ့သည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ပထမအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ယခုနှစ် ပဲစင်းငုံထွက်ရှိမှုသည် ယမန်နှစ်နှင့်အလားတူ တန်ချိန် ၃၄ ဒသမ ၂၁ သိန်းရှိမယ်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ရာသီဥတုဖောက်ပြန်မှုကြောင့် ပဲစိုက်ဧကများ ကျဆင်းကာ ပြည်ပဝယ်ယူမှုအပေါ် ပိုမိုမှီခိုနေရသည့်အနေအထားဖြစ်သည်။ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်၏ ပထမနှစ်ဝက်အတွင်း ပဲနီလေး၊ ပဲစင်းငုံနှင့် မတ်ပဲအပါအဝင် ပဲမျိုးစုံကို စံချိန်တင် ဝယ်ယူတင်သွင်းခဲ့ပြီး အဆိုပါ ဝယ်ယူတင်သွင်းမှုမှာ ဆက်လက်၍ တိုးမြင့်လာဦးမည်ဟု ခန့်မှန်းလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါအခြေအနေအပေါ် အသာစီးရယူ၍ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံ ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရှိနေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်။** ။ **The Hindu Business Line** သတင်းဌာန၊ **"Surge in pulses imports led by higher purchases of masur, arhar and urad"**၊ **၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်။**

**ကောင်းထွဋ်အောင်(စီးပွားရေးသံမှူး)**
**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့။**

## ငှက်ပျောများ စတင်ထွက်ပေါ်ချိန်တွင် ဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင်းတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ၂၉၃၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုလက်ရှိ ရိတ်သိမ်းဧက ၁၂၁၀ ရိတ်သိမ်းပြီးစီးကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၉၆၀၀၀၀ ခိုင်ထွက်ရှိကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနစာရင်းများအရ သိရှိရသည်။

ငှက်ပျောတစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၁၅၀၀၀၀၀ ကုန်ကျပြီး တစ်ဧကလျှင် ငှက်ပျောအခိုင် ၈၀၀ ထွက်ရှိကြောင်း၊ ယခုလက်ရှိဈေးနှုန်းအနေဖြင့် အခိုင် ၄၀ ပါ ငှက်ပျောလှည်းတစ်စည်းလျှင် ကျပ် ၄၀၀၀၀၀ ခန့်ရောင်းချရကြောင်း၊ ငွေအဆင်မပြေသော တောင်သူများမှ ငှက်ပျောကြိုတင်ရောင်းလှည်း တစ်စီးလျှင် ကျပ် ၃၀၀၀၀၀ရောင်းချကြကြောင်း၊ ယခင် ငှက်ပျောသီး ဖီးကြမ်းလက်ရင်း တစ်ဖီးလျှင်ကျပ် ၂၈၀၀၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၂၃၀၀၊ ယခုလက်ရှိ ငှက်ပျောသီး ဖီးကြမ်းလက်ရင်း တစ်ဖီးလျှင် ကျပ် ၃၀၀၀၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၂၅၀၀ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ ငှက်ပျောဈေးများ ကောင်းမွန်သောကြောင့် တောင်သူများအကျိုးအမြတ် ပိုမိုရရှိကြောင်း ငှက်ပျောအများဆုံးစိုက်ပျိုးသောတောင်သူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

**မော်မော်အောင်**

## ဟနွိုင်းတွင် ခရီးသွားများအတွက် ဘတ်စ်ကားခရီးစဉ်သစ်ကို စတင်မိတ်ဆက်

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်၏ ယဉ်ကျေးမှုနှင့် သမိုင်းဝင် အထင်ကရနေရာများနှင့် ဆွဲဆောင်မှုရှိသော နေရာများသို့ လည်ပတ်နိုင်ရန် ရည်ရွယ်၍ ခရီးသွားများအတွက် ဘတ်စ်ကားခရီးစဉ်အသစ်ကို စတင်ပြေးဆွဲပြီဖြစ်ကြောင်း Viet Nam News တွင် ဖော်ပြထားသည်။


Hà Nội Passenger Transport Joint Stock Company မှ စီစဉ်ပြေးဆွဲသည့် ခရီးစဉ်တွင် ခရီးသွားများအား Old Quarter နှင့် West Lake တစ်လျှောက် လှည့်လည်ပြသမည်ဖြစ်ပြီး အဖွင့်ဘတ်စ်ကားများတွင် လူ ၂၀ ဆံ့နိုင်ပြီး ဗီယက်နမ်၊ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်နှင့် ကိုရီးယား ဘာသာစကားငါးမျိုးဖြင့် အသံလမ်းညွှန်များ တပ်ဆင်ထားမည်ဖြစ်သည်။

ခရီးစဉ် ဝန်ဆောင်မှုသည် နံနက် ၉ နာရီမှ ညနေ ၆ နာရီခွဲဖြစ်ပြီး မိနစ် ၃၀ တိုင်း တစ်စီးပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ အင်္ဂါနေ့မှစနေနေ့အထိ Hồ Gươm (ဓားရေကန်) မှ စတင်ထွက်ခွာမည်ဖြစ်ပြီး တနင်္ဂနွေနေ့တိုင်း Hà Nội Opera House စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။ခရီးသွားများသည်Đồng Xuân ဈေး၊Long Biê ညတံတား၊ Trấn Quốc စေတီ၊ Hydroplane Dock Võng Thị ဘုရားကျောင်း၊ Tảo Sách စေတီ၊ Kim Liê ညဘုရား၊ Imperial Citadel စာပေဗိမာန်၊ Hỏa Loo အကျဉ်းထောင်နှင့် Hà Nội Opera House Hồ Chí Minh ဂူဗိမာန်အပါအဝင် လမ်းကြောင်းတစ်လျှောက် ကျော်ကြားသော အထင်ကရနေရာ ၁၃ ခုတွင် လေ့လာနိုင်ကြောင်းနှင့် အဆိုပါနေရာများမှ ခရီးဆက်ရန် နောက်ဘတ်စ်ကားကို စီးနိုင်ကြောင်းလည်း ဖော်ပြထားသည်။

လက်မှတ်များကိုĐông Kinh Nghĩa Thục Square သို့မဟုတ်Hà Nội Opera House သို့မဟုတ် hncitytour.vn ဝက်ဘ်ဆိုဒ်မှတစ်ဆင့် တိုက်ရိုက်ဝယ်ယူနိုင်ပြီး ဈေးနှုန်းများမှာ VND တစ်သိန်းမှ နှစ်သိန်းခွဲအထိရှိပြီး အသက်ခြောက်နှစ်အောက် ကလေးများအတွက် အခမဲ့ဖြစ်သည်။

**စီးပွားရေးသံမှူး**
**(ဗီယက်နမ်)**

# rGefjynfe,f\ aps;uGufifuGrf;oD
# aps;EIef;aps;uGuft ajc t aeESifh toif;zGJUpnf;xm;&ef



အောင်မြင့်မြတ်(မွန်)

မွန်ပြည်နယ်သည် နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၂၁၀ လက်မခန့်ရရှိကာ စိမ်းစိုသော တောင်ကုန်းတောင်တန်းများလည်း ပြည်နယ်အဝှမ်းတွင်တည်ရှိသည်။ မြေသြဇာကောင်းမွန်သည့် ကမ်းရိုးတန်းလွင်ပြင်နှင့် မြေပြန့်လွင်ပြင်များလည်းရှိသဖြင့် နှစ်တို၊ နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းရန်အတွက် ရေခံ၊ မြေခံကောင်းများဖြင့် ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်အတွင်းရှိ နှစ်ရှည်ဥယျာဉ်ခြံ စိုက်ပျိုးသည့် တောင်သူများအဖို့ ကွမ်းသီးကို ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်စိုက်ပျိုးကြသည့်အလျောက် ကွမ်းသီးကဏ္ဍမှရရှိသော အကျိုးအမြတ်သည် ပြည်နယ်၏ စီးပွားရေးကဏ္ဍအတွက်လည်း ပမာဏတစ်ခုအထိ ကျောထောက်နောက်ခံ ပြုပေးနေသည့် အခြေအနေတစ်ရပ်ဖြစ်သည်။

မွန်ပြည်နယ်တွင် မိရိုးဖလာမှသည် ယနေ့ထိတိုင် ကွမ်းသီးကို အစဉ်အဆက် စိုက်ပျိုးခဲ့သည့် နှစ်ရှည်သီးနှံတစ်ခုအဖြစ် တည်ရှိနေသည်။ ကွမ်းစားခြင်းဓလေ့နှင့်ယှဉ်၍ ကွမ်းသီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့် အခန်းကဏ္ဍသည်လည်း အလွန်ပင် အရေးပါလှပေသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်ထိ ၅၆၂၆၁ ဧကရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၅၆၅၀၈ ဧကရှိသဖြင့် ၂၄၇ ဧက တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။

### aps;EIef;aps;uGuft ajc t ae

ဈေးနှုန်းအနေဖြင့် ဒေသအလိုက်ကွဲပြားမှုရှိပြီး ယခုတစ်ပတ်တွင် မော်လမြိုင်ပါးပုတ်သီး(အရိုင်း)တစ်ပိဿာ ကျပ် ၃၆၀၀၊ မော်လမြိုင်အညိုသီး(အသန့်)တစ်ပိဿာ ကျပ် ၃၈၀၀၊ မော်လမြိုင်အညိုသီး(ပွမ်း) တစ်ပိဿာ ကျပ် ၃၂၀၀၊ရေးပေါင်းခြမ်း (၉၉%အခြောက်) တစ်ပိဿာ ကျပ် ၅၄၀၀၊ ရေးအံစာအသန့်(ခြောက်)တစ်ပိဿာ ကျပ် ၅၅၀၀၊ ကွမ်းသီးအခြမ်း အဝိုင်း(သန့်)တစ်ပိဿာ ကျပ် ၆၄၀၀-၇၅၀၀ ဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး ယခင်နှစ် နိုဝင်ဘာလဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့်ဈေးနှုန်းကျလာသည်ကို တွေ့ရှိရသည်။

ပုံမှန်အားဖြင့် အိန္ဒိယဈေးကွက်တစ်ခုတည်းကိုသာ မှီခိုနေရသောကြောင့် ဈေးကွက်ရွေးချယ်ဝယ်ယူနိုင်မှုနည်းပါးခြင်း၊ သယ်ယူပို့ဆောင်ခနှုန်း မြင့်မားလာခြင်းနှင့် ပြည်ပတင်ပို့ရာတွင် (အခွန်အခ)မြင့်မားလာခြင်းကြောင့် ယခုနှစ်တွင် ဈေးနှုန်းကျဆင်းလာခြင်းဖြစ်ကြောင်း ကွမ်းသီးလုပ်ငန်းရှင်ထံများမှ သိရသည်။ မွန်ပြည်နယ်မှ ကွမ်းသီးလုပ်ငန်းရှင်များအနေဖြင့် ကွမ်းသီးကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းမရှိဘဲ ရန်ကုန်နှင့် မန္တလေးမြို့များမှ ကုန်သည်များကိုယ်တိုင် လာရောက်ဝယ်ယူခြင်း၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ကလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချခြင်း၊ ဒေသတွင်း ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်တွင်းဈေးကွက်ကို အဓိကထား ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကွမ်းသီးထွက်ရှိ၊ စားသုံး၊ တင်ပို့၊ သိုလှောင်မှု (ခန့်မှန်း)

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ(တန်) |
|---|---|---|
| ၁ | ကွမ်းသီးထွက်ရှိမှု | ၉၁၄၃၇ |
| ၂ | စားသုံးမှု | ၁၂၀၀ |
| ၃ | တင်ပို့မှု | ၅၅၆၃၇ |
| ၄ | သိုလှောင်မှု | ၃၄၆၀၀ |

ပုံမှန်အားဖြင့် ကွမ်းသီးကို ရာသီတစ်နှစ်တွင် နှစ်ကြိမ် ဆွတ်ခူးနိုင်ပြီး နေရာဒေသမရွေး စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည့်အတွက် တစ်ကြိမ်ရင်းနှီး စိုက်ပျိုးခြင်းဖြင့် နှစ် ၃၀ ကျော်အထိ ဝင်ငွေရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ကွမ်းသီးပင်အား ကြားသီးနှံနှင့်ရောနှောစိုက်ခြင်းဖြင့် ဝင်ငွေနှစ်ဆတိုးစေသည့် ရာသီပေါ် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် တောင်သူများအနေဖြင့် တွက်ခြေကိုက်သော နှစ်ရှည်သီးနှံပင်ဖြစ်သည့် ကွမ်းသီးပင်ကို စိုက်ပျိုးသင့်သည်။

မွန်ပြည်နယ်တွင် ရှေးယခင်ကတည်းကပင် ကွမ်းသီးကို မိရိုးဖလာ နှစ်ရှည်ဥယျာဉ်ခြံ စိုက်ပျိုးသီးနှံအဖြစ် စိုက်ပျိုးခဲ့ကြသော်လည်း တောင်သူများ၊ ကွမ်းသီး ကုန်သည်များနှင့် ဆက်စပ်ပတ်သက်ရာ လုပ်ငန်းရှင်များနှင့်စုဝေး၍ ကွမ်းသီးနှင့်ပတ်သက်သည့် အစုအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နိုင်ခဲ့သည့်အနေအထား မရှိခဲ့သေးပေ။ ကွမ်းသီးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချမှုနှင့်ပတ်သက်၍ ရောင်းဝယ်ဖောက်ကားမှု၊ ကုန်သွယ်ရေး၊ ဈေးကွက် စသည့် အရပ်ရပ်သော အခြေအနေတို့တွင် တောင်သူများ၊ လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာ၍ စုပေါင်းဆောင်ရွက်နိုင်မည့် နေရာတစ်ခုကား လိုအပ်ချက်အဖြစ် ကာလရှည်ကြာ တည်ရှိနေခဲ့သည်။

ထို့ကြောင့် ပြောင်းလဲလာသည့် ကွမ်းသီးစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့်ပတ်သက်သည့် ဈေးကွက်နှင့်နည်းပညာအခန်းကဏ္ဍများကိုလည်း လျစ်လျူရှုထား၍မရဘဲ ကွမ်းသီးတောင်သူများအနေဖြင့် မပြတ်သတိချပ်နေရမည်ဖြစ်သည်။ ပြည်နယ်အတွင်းရှိ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူများအနေဖြင့် မိမိတို့ တစ်သီးပုဂ္ဂလလုပ်ငန်းများအနေဖြင့်သာ နှစ်လရှည်ကြာစွာ သီးခြားလည်ပတ်လုပ်ကိုင်လာခဲ့ကြကာ လုပ်ငန်းရှင်များအစုအဖွဲ့ ဖွဲ့၍ အသင်းအဖွဲ့အနေဖြင့် စုပေါင်းလုပ်ကိုင်ခြင်းမရှိသည့်အတွက် အစုအဖွဲ့ပုံသဏ္ဍာန်ဖြင့် ကြိုးပမ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မှု အားနည်းခဲ့ပေသည်။ ထိုအခြေအနေကြောင့် ကွမ်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချရာတွင် လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲကြုံတွေ့ရပါက တစ်ဦးချင်းစီကိုယ်တိုင်သာ တာဝန်ယူဖြေရှင်းရသည့် အခြေအနေကို ရင်ဆိုင်ခဲ့ရသည်။

ထိုသို့ လိုအပ်နေသည့် အခြေအနေကိုဖြည့်ဆည်းနိုင်ရန်အတွက် ကွမ်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များမှ မွန်ပြည်နယ်၏ ကွမ်းသီးကဏ္ဍနှင့်ပတ်သက်သည့် အသင်းအဖွဲ့တစ်ခု ဖွဲ့စည်းနိုင်ရန်အတွက် စတင်ကြိုးပမ်းခဲ့ကြသည်။

### toif;zGJUpnf;xm;&ef

၂၀၂၂ခုနှစ် ဩဂုတ် ၄ရက်တွင် မွန်ပြည်နယ် ကွမ်းသီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဟူသည့်အမည်ဖြင့် ကွမ်းသီးအသင်းအဖွဲ့အား အသင်းသား ၃၇ ဦးဖြင့် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ အကျိုးရလဒ်အနေဖြင့် ပြည်နယ်၏ စီးပွားရေးကဏ္ဍ၌ ကွမ်းသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုအခန်းကဏ္ဍသည်လည်း အရေးပါသည့်အခန်းကဏ္ဍ တစ်ခုဖြစ်သည့်အားလျော်စွာ ကွမ်းသီးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကွမ်းသီးထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအကြား ပိုမိုအားကောင်းသည့် ချိတ်ဆက်မှုမှတစ်ဆင့် ကျယ်ပြန့်သည့် ဈေးကွက်ထိုးဖောက်နိုင်မှု ဖန်တီးနိုင်မည်ဖြစ်သည်။

# အော်ဂဲနစ် အုန်းသီးများဖြင့် ကျန်းမာရေးအထောက်အကူပြု အုန်းဆီများထုတ်လုပ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစု ပင်လယ်ကမ်းခြေများမှ ထွက်ရှိသည့် သဘာဝအော်ဂဲနစ်အုန်းသီးမှ ကျန်းမာရေး အထောက်အကူပြု သောက်နိုင်၊ သုံးနိုင်သည့် မိသားစုကျန်းမာရေးအတွက် ဘက်စုံအသုံးတဲ့သော အားထားရာ King Island အမှတ်တံဆိပ် Extra Organic Virgin Coconut Oil (အုန်းပျို့ဆီ) များ ထုတ်လုပ်လျက်ရှိသည်။

သဘာဝမြေဆီ မြေသားများဖြင့် စိုက်ပျိုးထားသော ၁၂ လမှ ၁၃ လသက်တမ်းရှိ အပျိုစင်အုန်းသီးကို ရွေးချယ်ပြီး သဘာဝမပျက် Modified Natural Fermention Method ဖြင့် အထူးစီမံထုတ်လုပ်ထားသော အဆီဖြစ်၍ အံ့ဖွယ်အာဟာရဓာတ်များ ကြွယ်ဝသော အဆီဖြစ်သည်။ ဓာတုပစ္စည်းများ လုံးဝမပါဝင်ခြင်း၊ အရောင်အဆင်းမရှိခြင်း၊ ရေဓာတ်လုံးဝကင်းစင်ခြင်း၊ သဘာဝအုန်းသီး ရနံ့သာရှိခြင်းကြောင့် သဘာဝအကျိုးအာနိသင်မပျက် ရေရှည်အထားခံသော ထုတ်ကုန်ဖြစ်သည်။ ကျန်းမာရေးအထောက်အကူပြု ဓာတ်စာဖြစ်သည့်အတွက် သတ်မှတ်စံနှုန်းများနှင့်အညီ သန့်ရှင်းစွာ ထုတ်လုပ်ထားရှိသော အဆီဖြစ်သည်။

အုန်းပျို့ဆီကို အဝလွန်သူများ သောက်သုံးရုံဖြင့် အဆီပိုများ ဖယ်ရှားနိုင်ပြီး ကျစ်လျစ်သော အသားအရေကိုရှိနိုင်သည်။ အဆီသည် ဦးနှောက် Alzhemer ၏စွမ်းရည်ကို အထောက်အကူပြုသည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ပိုးဝင်ခြင်း၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ ဆီးလွန်ရောဂါ၊ အသည်းရောဂါများကို ကာကွယ်ပေးနိုင်သည်။ ဆံပင်၏ ကျန်းမာသန်စွမ်းသော အကျိုးများစွာ ရရှိစေသည်။ အရွယ်တင် နုပျိုစေသည်။ အရိုးအဆစ်များကို ကောင်းမွန်စေခြင်းကြောင့် (Organic Virgin Coconut Oil) သည် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ညိုညို (မြိတ်)

# ကမ္ဘာ့ အိပ်ချိန်းကြီးများ

ထွန်းသက်ထွန်း

ရင်းနှီးမြှုပ်နှံသူတို့သည် တစ်ကမ္ဘာလုံးရှိ စတော့အိပ်ချိန်းများမှတစ်ဆင့် စတော့များ၊ ငွေချေးစာချုပ်များ၊ ဒီရိဗေးတစ်ဖ် စာချုပ်စာတမ်းများကို သွက်လက်စွာ ပါဝင်ရောင်းဝယ်လျက်ရှိသည်။ စတော့အိပ်ချိန်းတို့သည် ရောင်းသူ-ဝယ်သူ မည်သူမည်ဝါ ဆိုသည်ကို မသိရှိရသော ရောက်ရှိလာသည့် ငွေချေးသက်သေခံလက်မှတ် အရောင်း၊ အဝယ်အော်ဒါများကို အီလက်ထရွန်နစ်နည်းပညာများ အသုံးပြုကာ သတ်မှတ်စည်းမျဉ်းများနှင့်အညီ ရောင်းဝယ်ပေးသည်။ သို့သော် အချို့စတော့အိပ်ချိန်းများတွင် စတော့ရောင်းဝယ်ရေးကြမ်းပြင် (Trading Floor) များကို ဆက်လက်ထားရှိကာ ရောင်းဝယ်ကြသည်လည်းရှိသည်။ ဥပမာ- နယူးယောက် စတော့အိပ်ချိန်း ယူရိုနက်စ် (NYSE-Euronext) တွင်ယခုတိုင် စတော့အချို့ကို ရောင်းဝယ်ရေးကြမ်းပြင်တွင် အရောင်းအဝယ် ဆက်လက်ပြုလုပ်လျက်ရှိသည်။

အများပြည်သူသို့ ရှယ်ယာများ ထုတ်ရောင်းထားသည့် ကုမ္ပဏီတစ်ခုသည် ၎င်းတို့၏ ရှယ်ယာများကို မည်သည့်စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရောင်းဝယ်မည်ကို ဆုံးဖြတ်ကြရသည်။ အချို့နိုင်ငံများတွင် စတော့အိပ်ချိန်း တစ်ခုထက်ပိုမို တည်ထောင်ထားရှိသဖြင့် ကုမ္ပဏီများအနေနှင့် မိမိတို့ နှစ်သက်ရာ စတော့အိပ်ချိန်းကို ရွေးချယ်နိုင်ကြသည်။ အိပ်ချိန်းတစ်ခုစီတွင် ကုမ္ပဏီများ စာရင်းတင်သွင်းရောင်းဝယ်နိုင်သည့် စံချိန်စံညွှန်း (Listing Criteria) များ ရေးဆွဲသတ်မှတ်ထားသည်။ အဆိုပါ စံချိန်စံညွှန်းများတွင် ဘဏ္ဍာရေး အစီရင်ခံစာများ၊ ကုမ္ပဏီသတင်းအချက်အလက်များ ဖွင့်ဟကြေညာမှု စည်းမျဉ်းများနှင့် စတော့အရောင်းအဝယ် ပမာဏ၊ ကောင်းမွန်သည့်ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်၊ ပွင့်လင်းမြင်သာမှုနှင့် ဖွင့်ဟကြေညာချက် စည်းမျဉ်းလိုက်နာမှု အစရှိသည့် စည်းမျဉ်းများ ပါဝင်သည်။

အဆိုပါသတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် စည်းမျဉ်းများကို လိုက်နာခြင်းမရှိသည့် ကုမ္ပဏီများသည် စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီအဖြစ်မှ ဖယ်ရှားခြင်း (Delist) ခံရမည်ဖြစ်ပြီး မည်သို့ပင် အရည်အချင်းများ ပြန်လည်ပြည့်စုံစေကာမူ ဆိုင်းငံ့ကာလမစေ့မချင်း ပြန်လည်လက်ခံခြင်းမပြုပါ။ နယူးယောက်၊ ယူရိုနက်စ် စတော့အိပ်ချိန်းတွင် ကုမ္ပဏီတစ်ခု စာရင်းဝင်ရန် လိုအပ်ချက်များမှာ အနည်းဆုံး ရှယ်ယာအရေအတွက် တစ်သန်းနှင့် စုစုပေါင်းတန်ဖိုး ဒေါ်လာ သန်း ၁၀၀ ရှိရမည်ဖြစ်ပြီး လွန်ခဲ့သည့် သုံးနှစ်သက်တမ်းအတွင်း အမြတ်ငွေ ၁၀ သန်း ကျော်လွန်ရမည်ဖြစ်သည်။ NASDAQ ဈေးကွက်တွင်မူ စုစုပေါင်း ရှယ်ယာ ၁ ဒသမ ၂၅ သန်းနှင့် တန်ဖိုး သန်း ၇၀ ရှိရမည်ဖြစ်ပြီး သုံးနှစ်ပေါင်း ဝင်ငွေ ဒေါ်လာ ၁၁ သန်းကျော်ရမည်ဖြစ်သည်။ လန်ဒန်စတော့အိပ်ချိန်း စာရင်းဝင်စံများမှာ ဈေးကွက်တန်ဖိုး ပေါင်စတာလင် ခုနစ်သိန်းရှိရန်နှင့် အများပြည်သူသို့ ယင်းပမာဏ၏ လေးပုံတစ်ပုံ တန်ဖိုးရှိ ရှယ်ယာများ ထုတ်ဝေရောင်းချထားရန် လိုအပ်ပါသည်။

ဈေးကွက်တန်ဖိုးအရ ကမ္ဘာပေါ်တွင် အကြီးဆုံးစတော့အိပ်ချိန်းများမှာ အမေရိကတွင် NYSE၊ NASDAQ နှင့် ဥရောပတွင် London Stock Exchange နှင့် NYSE Euronext (Europe)၊ အာရှတွင် Tokyo Stock Exchange နှင့် Shanghai Stock Exchange , Shenzhen Stock Exchange Hong Kong Stock Exchange တို့ဖြစ်သည်။ ၂၀၂၂ ခုနှစ်အကုန်ရှိ ဈေးကွက်တန်ဖိုးအရ ကမ္ဘာပေါ်တွင် အကြီးဆုံးစတော့အိပ်ချိန်း ၁၀ ခုမှာ NYSE (US) (ဒေါ်လာ ၂၄ ဒသမ ၃ ထရီလီယံ)၊ NASDAQ (ဒေါ်လာ ၂၀ ဒသမ ၁၃ ထရီလီယံ)၊ ရှန်ဟိုင်းစတော့အိပ်ချိန်း (ဒေါ်လာ ၆ ဒသမ ၉၃ ထရီလီယံ)၊ ဂျပန်စတော့အိပ်ချိန်း(ဒေါ်လာ ၅ ဒသမ ၆၃ ထရီလီယံ)၊ ရှင်းဇန့် စတော့အိပ်ချိန်း (ဒေါ်လာ ၄ ဒသမ ၆၇ ထရီလီယံ)၊ ဟောင်ကောင် စတော့အိပ်ချိန်း (ဒေါ်လာ ၄ ဒသမ ၁၉ ထရီလီယံ)၊ နေရှင်နယ်စတော့အိပ်ချိန်း အိန္ဒိယ (ဒေါ်လာ ၃ ဒသမ ၂၆ ထရီလီယံ)၊ လန်ဒန်စတော့အိပ်ချိန်း (ဒေါ်လာ ၃ ဒသမ ၁၀ ထရီလီယံ) နှင့် ဆော်ဒီစတော့အိပ်ချိန်း (ဒေါ်လာ ၂ ဒသမ ၈၃ ထရီလီယံ) တို့ဖြစ်သည်။

## စပါယ်ရှယ်လစ်စ်များ

သမိုင်းအစဉ်အလာအရ နယူးယောက်စတော့အိပ်ချိန်း၏ စတော့ရောင်းဝယ်ရေးကြမ်းပြင်တွင် ရောင်းဝယ်သည့် စတော့များ၏ အစိတ်အပိုင်းတချို့ကို စပါယ်ရှယ်လစ်စ်များက ကိုင်တွယ်ရောင်းဝယ်ကြသည်။ ၎င်းတို့သည် လိုင်စင်ရ တစ်ဦးချင်း ဈေးကွက်ဖန်တီးသူများဖြစ်ပြီး ဈေးကွက်တွင် ငွေဖြစ်လွယ်ရေးအတွက် ရောက်ရှိလာသည့် အမှာလွှာနှင့် အခြားတစ်ဖက်မှ အမှာလွှာတို့ ပမာဏ မျှတစေရန်ထိန်းကျောင်းခြင်း၊ စတော့ဈေးနှုန်း အတက်အကျ လွန်စွာမြင့်မားခြင်းမရှိစေရန် ထိန်းကျောင်းခြင်းတို့ကိုဆောင်ရွက်သည်။ သို့သော်လည်း အီလက်ထရွန်နစ်ဆက်သွယ်ရေးနက်ဝက် (Electronic Communication Network, ECN) များ ခေတ်စားလာပြီးနောက် စပါယ်ရှယ်လစ်စ်များ၏ အခန်းကဏ္ဍ မှေးမှိန်လာခဲ့သည်။ ထို့အပြင် စပါယ်ရှယ်လစ်စ်ဖြင့်ရောင်းဝယ်သည့် စနစ်များကိုလည်း ကန့်ကွက်မှုများ ဆက်တိုက် ပေါ်ပေါက်လာခဲ့သည်။ ကန့်ကွက်ချက်များတွင် စပါယ်ရှယ်လစ်စ်များသည် ဖောက်သည်တို့၏ အရောင်းအဝယ် တန်ဖိုးများအပေါ်မှ ဝန်ဆောင်စရိတ်များစွာ ရယူသည်ဟုလည်းကောင်း၊ ECN စနစ်ဖြင့်ရောင်းဝယ်မှုထက် ပိုမိုကုန်ကျစရိတ်များသည်ဟုလည်းကောင်း၊ ရောက်ရှိလာသည့် ပမာဏ ကြီးမားသည့် အရောင်းအဝယ် အမှာလွှာများကို စပါယ်ရှယ်လစ်စ်များက ဦးစွာသိခွင့်ရကာ ၎င်းတို့က အဆိုပါအမှာလွှာများအပေါ် မှီ၍ အော်ဒါတင်ခွင့်ရရှိသည် စသည့်အချက်များ ပါဝင်သည်။

အထက်ဖော်ပြပါ အချက်များကြောင့် ၂၀၀၈ ခုနှစ်မှစတင်၍ NYSE Euronext သည် စပါယ်ရှယ်လစ်စ်များ၏ အခန်းကဏ္ဍကို ရုပ်သိမ်းခဲ့ပြီး ယင်းတို့နေရာတွင် (Designated Market Maker, DMM) ကို ခန့်အပ်ခဲ့ကာ ယခင်က စပါယ်ရှယ်လစ်စ်များကိုပေးထားသည့် အထူးအခွင့်အရေးများကို ရုပ်သိမ်းခဲ့သည်။ အချုပ်အားဖြင့် ပြောင်းလဲလိုက်သည့် ပုံသဏ္ဍာန်အသစ်သည် ဈေးကွက်လှုပ်ရှား သွက်လက်လာစေရေးအတွက် ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာကာ ထိရောက်သည့် စနစ်တစ်ခု ဖြစ်လာပေသည်။

## ဒီရိဗေးတစ်ဖ် အိပ်ချိန်း

အမေရိကန် ချီကာဂိုမြို့အခြေစိုက် ကုန်စည်ဒိုင်တစ်ခုဖြစ်သည့် CME Group သည် ကမ္ဘာ့အကြီးဆုံးနှင့် အမျိုးအစားစုံလင်လှသည့် အသွင်ပြောင်းစာချုပ်စာတမ်း Derivative များကို ရောင်းဝယ်သည့် ဈေးကွက်ကြီးဖြစ်သည်။ အဆိုပါ ဒီရိဗေးတစ်ဖ်တွင် အနာဂတ်ကာလတွင် ရောင်းဝယ်ရန် ကတိပြုထားသည့် Future စာချုပ်များ၊ ရွေးချယ်ပိုင်ခွင့်ရှိသည့် Option စာချုပ်များ၊ လဲလှယ်ပိုင်ခွင့် SWAPS များ ပါဝင်သည်။ Future ဆိုသည်မှာ သတ်မှတ်ထားသည့် အနာဂတ်ကာလတွင် ကုန်စည်တစ်ခုကို ဝယ်မည် (သို့) ရောင်းမည်ကို ကြိုတင်ကတိပြုသည့် စာချုပ်ဖြစ်သည်။ Option သည် ဝယ်သူနှင့် ရောင်းသူကြား ကုန်စည်တစ်ခုကို ကာလတစ်ခုတွင် ရောင်းချရန်/ ဝယ်ယူရန် ကြိုတင်စာချုပ် ချုပ်ဆိုခြင်းဖြစ်သော်လည်း ဝယ်ယူထံတွင် ဝယ်ယူမည်/ မဝယ်ယူမည်ကို ရေးချယ်ပိုင်ခွင့်ရှိသည့်စာချုပ်ဖြစ်သည်။ SWAPS ဆိုသည်မှာ နှစ်ဦးနှစ်ဖက်အကြား၎င်းတို့ပိုင်ဆိုင်သည့် ငွေသားစီးဆင်းမှု ပုံစံတစ်ခုကို အခြားငွေသားစီးဆင်းမှုပုံစံ တစ်ခုနှင့် လဲလှယ်ရန် စာချုပ်ချုပ်ဆိုခြင်းဖြစ်သည်။

OTC ဒီရိဗေးတစ်ဖ်ဈေးကွက်သည် အိပ်ချိန်းစာရင်းဝင် ဒီရိဗေးတစ်ဖ် ဈေးကွက်ထက် အရောင်းအဝယ်ပမာဏ ပိုမိုများပြားလာသည်။ သို့အတွက်ကြောင့် ဈေးကွက်ထိန်းကျောင်းသည့် Regulator များ အနေနှင့် အိုတီစီဈေးကွက်သည် စနစ်တစ်ခုလုံးကို အန္တရာယ်ဖြစ်စေနိုင်သည့် ဈေးကွက်အဖြစ် စိုးရိမ်လာကြသည်။

၂၀၀၂ ခုတွင် CME Group အများပြည်သူသို့ ရှယ်ယာများ ကမ်းလှမ်းရောင်းချမှု ပြုလုပ်ပြီးနောက်ပိုင်း CME ၏ဈေးကွက်တန်ဖိုးမှာ ကမ္ဘာပေါ်ရှိ ဒီရိဗေးတစ်ဖ်ဈေးကွက်များတွင် အကြီးဆုံးဖြစ်ခဲ့ရုံမျှမက NYSE Euronext ဈေးကွက်တန်ဖိုးထက် နှစ်ဆအထိ ရှိခဲ့သည်။ ရင်းနှီးမြှုပ်နှံသူများသည် အီလက်ထရွန်နစ် ရောင်းဝယ်ရေးစနစ် အသုံးပြုကာ ၂၄ နာရီပတ်လုံး ရောင်းဝယ်နိုင်ခြင်းကြောင့် CME ၏ အရောင်းအဝယ်ပမာဏမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ CME အိပ်ချိန်းတွင် စံနှုန်းမြင့်မားသည့် ပရောဒတ်များဖြစ်သည့် အတိုးနှုန်း အခြေခံပရောဒတ်များ၊ စတော့အညွှန်းကိန်းများ၊ နိုင်ငံခြားငွေကြေးများ၊ စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေးအခြေခံ ကုန်စည်များ၊ ရွှေနှင့် အဖိုးတန်သတ္တုများ၊ အိမ်ခြံမြေ စသည်တို့ကို အခြေခံသည့် Futures, Option စာချုပ်များကို ရောင်းဝယ်ကြခြင်းဖြစ်သည်။ အဆိုပါ စာချုပ်စာတမ်းများကိုအခြေခံကာ ရင်းနှီးမြှုပ်နှံသူများသည် ပိုင်ဆိုင်ထားသည့် တန်ဖိုးများမကျစေရန် အကာအကွယ်ယူခြင်း၊ ဈေးကစားခြင်း၊ ပိုင်ဆိုင်မှုအကျိုးဆက်များကို ခွဲဝေခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။ အဆိုပါ ကုန်စည်ဈေးကွက်ကြီးကို အမေရိကန် Commodity Futures Trading Commission (CFTC) မှ တာဝန်ယူကြီးကြပ်လျက်ရှိသည်။

## Over-the-Counter Market

စတော့အိပ်ချိန်းများတွင် တင်ရောင်းသည့် ငွေချေးသက်သေခံလက်မှတ်နှင့် ဒီရိဗေးတစ်ဖ်များကို Listed Instrument ဟုခေါ်ဆိုသည်။ သို့သော် အဖွဲ့နှစ်ဖွဲ့ကြား သို့မဟုတ် လူနှစ်ဦးကြားတွင် အိပ်ချိန်း၏ အခန်းကဏ္ဍ မပါဝင်ဘဲ ရောင်းဝယ်သည့် ငွေချေးသက်သေခံလက်မှတ်နှင့် ဒီရိဗေးတစ်ဖ်များကို Over-the-Counter Instruments များဟုခေါ်ဆိုသည်။ ယင်းအိုတီစီဈေးကွက်မှာ အများဆိုင်နေရာတွင် ရောင်းဝယ်ခြင်း မဟုတ်သည့်အတွက် နှစ်ဦးနှစ်ဖက်အရောင်းအဝယ်ကို ဖွင့်ဟမပြောသမျှ အတွင်းရေးအဆင့်ဟု သတ်မှတ်သည်။ အမေရိကန်တွင် အိုတီစီဈေးကွက်တွင်ရောင်းဝယ်သည့် အချက်အလက်များကို အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု ဘဏ်ကြီးများသည် ၎င်းတို့၏ ရောင်းဝယ်မှုများကို OTC Bulletin Board, OTCBB တွင် ထုတ်ပြန်လေ့ရှိပြီး အချို့သော ကုမ္ပဏီများအနေနှင့် Securities Exchange Commission, SEC သို့ အစီရင်ခံရသလို အချို့ကုမ္ပဏီ၏ အရောင်အဝယ်များကိုမူ Pink Sheet တွင်သာ ထုတ်ပြန်လေ့ရှိသည်။ နိုင်ငံခြားမှ စတော့ထုတ်ဝေရောင်းချသူ ကုမ္ပဏီအချို့မှာမူ American Depository Receipt (ADR) ပုံစံဖြင့် ထုတ်ဝေလေ့ရှိကာ ယင်းရှယ်ယာများ၏ အရောင်းအဝယ်ကို Pink Sheet တွင် ထုတ်ပြန်ကြေညာလေ့ရှိသည်။

OTC ဒီရိဗေးတစ်ဖ် ဈေးကွက်သည် အိပ်ချိန်းစာရင်းဝင် ဒီရိဗေးတစ်ဖ် ဈေးကွက်ထက် အရောင်းအဝယ်ပမာဏ ပိုမိုများပြားလာသည်။ သို့အတွက်ကြောင့် ဈေးကွက်ထိန်းကျောင်းသည့် Regulator များအနေနှင့် အိုတီစီဈေးကွက်သည် စနစ်တစ်ခုလုံးကို အန္တရာယ်ဖြစ်စေနိုင်သည့် ဈေးကွက်အဖြစ် စိုးရိမ်လာကြသည်။ သို့အတွက် ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကာလပြီးသည့်နောက်ပိုင်း ယခင်က ထိန်းကျောင်း မှု မပြုခဲ့သည့် အိုတီစီဈေးကွက်အား ထိန်းကျောင်းခံဈေးကွက်အဖြစ် ဥပဒေများသတ်မှတ် ပြဋ္ဌာန်းခဲ့ပေသည်။

သို့ဖြစ်ပါ၍ ပေါ်ထွန်းစ စတော့အိပ်ချိန်းများတွင်လည်း စတော့ဈေးကွက်အား ကြီးကြပ်ထိန်းကျောင်းသည့် Securities Exchange Commission, SEC များ အနေနှင့် စတော့ဈေးကွက်တွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများအပြင် စတော့ဈေးကွက်သို့ ဝင်ရောက်ခြင်း မရှိသေးသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအနေနှင့် အများပြည်သူသို့ ရှယ်ယာကမ်းလှမ်းရောင်းချခြင်း ကိစ္စရပ်များကိုပါ ထိန်းကျောင်းသင့်သည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူ အများပြည်သူသို့အား အကာအကွယ်ပေးရာရောက်မည်ဖြစ်သည်။

**Ref: Investment Guidebook**




# SEIN MYINT MOH

# STEEL TRADING

U THEIN LWIN FAMILY

Address : No(517),Mandalay Street, Industrial Zone (1), South Dagon Township, Yangon.

Phone : 09772120108, 09772120109, 09777003172 095125565, 095008406, 095502775.

Email : myolwin@aonesupersteels.com.mm



# CPP MYAT MIN AGRO CO.,LTD.

## စီပီကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးသော
## စပါး မျိုးစေ့ နှင့် ပဲ မျိုးစေ့များ




No. 18-B, Oak Pon Seik Street, Quarter (8), Mayangone Tsp,Ygn.

09-777777390, 09-962759971~72

www.facebook/CPP Farmpro Myanmar

# COMMERCE INTERNATIONAL

# တရုတ်ခရီးသွား အများအပြား ဝင်ရောက်ရန် အီဂျစ် မျှော်မှန်းထား



အီဂျစ်နိုင်ငံသည် တရုတ်ခရီးသွားလုပ်ငန်းဈေးကွက်၌ ပါဝင်မှု တိုးမြှင့်ရေး ရည်မှန်းချက်ဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၈ ခုနှစ် မတိုင်မီ နှစ်စဉ် တရုတ်ခရီးသွားဧည့်သည် သုံးသန်းခန့် ဝင်ရောက်မည်ဟု မျှော်မှန်းထားကြောင်း အီဂျစ်နိုင်ငံ ခရီးသွားလာရေးနှင့် ရှေးဟောင်းပစ္စည်းဆိုင်ရာဝန်ကြီး အာမက်အစ်ဆာက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဒီဇင်ဘာ ၁ ရက်တွင် ရေးသား ဖော်ပြထားသည်။

လတ်တလောကာလတွင် အီဂျစ်နိုင်ငံသို့ သီတင်းပတ်တစ်ပတ်လျှင် တရုတ်ခရီးသွားဧည့်သည် ၄၀၀၀ ကျော်၊ ၅၀၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ယင်းမှာ ယခင်ကထက် ပိုမိုမြင့်တက်လာကြောင်းနှင့် မိမိတို့အနေဖြင့် တရုတ်ခရီးသွားများကို ယခုထက်ပိုပြီး ဆွဲဆောင်နိုင်သေးကြောင်း အာမက်အစ်ဆာက ပြောသည်။

သို့သော်အီဂျစ်နိုင်ငံတွင် တရုတ်ခရီးသွားဧည့်သည်များ တိုးမြှင့်လက်ခံနိုင်ရေးအတွက် လေကြောင်းခရီးစဉ်များနှင့် ဟိုတယ်အခန်းများ ပိုမိုလိုအပ်လျက်ရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် တရုတ်နိုင်ငံမှ ဟိုတယ်လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အီဂျစ်နိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ထားကြောင်းနှင့် တရုတ်ခရီးသွားလုပ်ငန်းများကလည်း အီဂျစ်နိုင်ငံ ခရီးစဉ်များကို စီစဉ်ပေးကြရန် ဖိတ်ခေါ်ထားပါကြောင်း ၎င်းက ဆက်လက်ပြောဆိုထားသည်။

ထို့ပြင် တရုတ်နိုင်ငံနှင့် နောက်ထပ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် ထပ်မံဆွေးနွေးရန် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း အီဂျစ်နိုင်ငံ ခရီးသွားလာရေးနှင့် ရှေးဟောင်းပစ္စည်းဆိုင်ရာဝန်ကြီး အာမက်အစ်ဆာက ပြောခဲ့သည်။

ခရီးသွားလုပ်ငန်းသည် အီဂျစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အဓိက လုပ်ငန်းတစ်ခုဖြစ်ကြောင်းနှင့် ယင်းမှာ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (GDP)၏ ၁၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။

**Source; Xinhua**

## ကမ္ဘာ့ဈေးအကြီးဆုံးမြို့တွင် ထိပ်ဆုံးသို့ စင်ကာပူ ရောက်ရှိလာ

စင်ကာပူတွင် ကုန်ဈေးနှုန်းများ လွန်ခဲ့သည့် တစ်နှစ်အတွင်း ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းနှင့် ယင်းကုန်ဈေးနှုန်း မြင့်တက်လာမှုအား ကုန်ပစ္စည်းအမယ်ပေါင်း ၂၀၀ ကျော်၏ ဈေးနှုန်းများအပေါ် ထည့်သွင်းတွက်ချက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

စင်ကာပူသည် လွန်ခဲ့သည့် ၁၁ နှစ်အတွင်း ကိုးကြိမ်မြောက်အဖြစ် ကမ္ဘာ့ဈေးအကြီးဆုံးမြို့တွင် ချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးမြို့အဖြစ် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့နှင့် တန်းတူရပ်တည်နေခြင်းဖြစ်သည်။ Economist Intelligence Unit(EIU)၏ လူနေမှုစရိတ်စက စစ်တမ်းမှ တွေ့ရှိချက်များကိုအခြေခံ၍ လွန်ခဲ့သည့်နှစ်တွင် စင်ကာပူသည် အမေရိကန်ပြည်ထောင်စုမှ နယူးယောက်မြို့ကို ကျော်တက်သွားခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ဈေးအကြီးဆုံးမြို့များအဖြစ် (၁) စင်ကာပူ (စင်ကာပူနိုင်ငံ)၊ (၂)ဇူးရစ်မြို့ (ဆွစ်ဇာလန်နိုင်ငံ)၊ (၃)ဂျီနီဗာ (ဆွစ်ဇာလန်နိုင်ငံ)၊ (၄)နယူးယောက်(အမေရိကန်ပြည်ထောင်စု)၊ (၅) ဟောင်ကောင်(တရုတ်)၊ (၆)လော့စ်အိန်ဂျလိစ်(အမေရိကန်ပြည်ထောင်စု)၊ (၇)ပါရီ(ပြင်သစ်)၊ (၈)ကိုပင်ဟေဂင်(ဒိန်းမတ်နိုင်ငံ)၊ (၉)တဲလ်အဗစ်(အစ္စရေးနိုင်ငံ)နှင့် (၁၀) ဆန်ဖရန်ဆစ္စကို (အမေရိကန်ပြည်ထောင်စု) တို့က အစဉ်လိုက် ရပ်တည်နေကြသည်။



## VinFast Auto ကုမ္ပဏီ အီးဗွီကားဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံ



ဗီယက်နမ်နိုင်ငံတွင် အချမ်းသာဆုံး ပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်သည့် ဘီလျံနာသူဌေးကြီး ဖန်နက်ဗွန်း (Pham Nhat Vuong)သည် လျှပ်စစ်မော်တော်ကား(EV)ကို လူတိုင်းစီးနိုင်ရေး မျှော်မှန်းချက်ဖြင့် လျှပ်စစ်မော်တော်ကား အများအပြား တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံလိုက်ကြောင်း forbes.com ၏ ဖော်ပြချက်အရ သိရသည်။

ဘီလျံနာသူဌေးကြီး ဖန်နက်ဗွန်း၏ လက်ရှိစွန့်စားမှုကား VinFastAuto ကုမ္ပဏီကို ကမ္ဘာလုံးဆိုင်ရာ မော်တော်ကားဈေးကွက်သို့ ဝင်ရောက်ရန် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့လျှပ်စစ်ကား (EV) ဈေးကွက်တွင် အလားအလာကောင်းသည့် အမှတ်တံဆိပ်ဖြစ်လာစေရန် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံကာ ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင်လည်း ဗီယက်နမ်နိုင်ငံအခြေစိုက် VinFast Auto ကုမ္ပဏီထုတ် မော်တော်ကားများမှာ ဈေးကွက်တွင်ကျယ်လာပြီး လူကြိုက်များမှု တိုးတက်လာကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ဖန်နက်ဗွန်း၏ စွန့်စားမှုမှာ ခက်ခဲနိုင်သော်လည်း အောင်မြင်မှု ရရှိမည်ကို ယုံကြည်ကြောင်း အသက်(၄၉)နှစ်သာ ရှိသေးသည့် VinFast Auto ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Le Thi Thu Thuy က ပြောဆိုခဲ့သည်။

"ကျွန်မတို့ရဲ့ မျှော်မှန်းချက်က လူတိုင်း EV စီးနိုင်ဖို့ပဲ ဖြစ်ပါတယ်"ဟု သူမက ဆက်လက်ပြောဆိုခဲ့သည်။ VinFast တွင် ကြီးမားသော ရည်မှန်းချက်ပန်းတိုင်များရှိနေရာ ခြောက်နှစ်တာကာလအတွင်း တစ်ကမ္ဘာလုံးတွင် EV အစီးရေတစ်သန်း ရောင်းချနိုင်ရေးကိုလည်း ကြိုးပမ်းနေကြောင်း၊ တက်စလာကုမ္ပဏီပင် ကားအစီးရေ တစ်သန်း ရောင်းချနိုင်ရေးအတွက် ၁၇ နှစ် အချိန်ယူခဲ့ရကြောင်း၊ မိမိတို့သည်လည်း မျှော်မှန်းထားသည့်အတိုင်း ဈေးကွက်သို့ ဝင်ရောက်ထိုးဖောက်နိုင်မည်ကို ယုံကြည်ကြောင်း Le Thi Thu Thuy က ပြောသည်။

VinFast Auto ကုမ္ပဏီသည် EV မော်ဒယ်များစွာ ထုတ်လုပ်ရန် ကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံပြီးနောက်တွင် ဗီယက်နမ်နိုင်ငံ၌ အားသွင်း အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်း၊ အလိုအလျောက်စနစ်သုံး စက်ရုံတစ်ခု တည်ထောင်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

ထို့ပြင် VinFast Auto ကုမ္ပဏီအနေဖြင့် လာမည့် သုံးနှစ်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံကာ အမေရိကန်ပြည်ထောင်စု၌ ၂၀၂၅ ခုနှစ်တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ၂၀၂၆ ခုနှစ်တွင်လည်းကောင်း EV စက်ရုံများ တည်ထောင်လည်ပတ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းတို့အနက် အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်တွင် အကောင်အထည်ဖော်နေသည့်စက်ရုံမှာ ပထမအဆင့်ဆောက်လုပ်လျက်ရှိနေပြီဖြစ်သည်။ VinFast Auto ကုမ္ပဏီ၏ တစ်နှစ်တာ ထုတ်လုပ်နိုင်စွမ်းမှာ အစီးရေ သုံးသိန်းဖြစ်ပြီး ၂၀၂၆ ခုနှစ်သို့ရောက်လျှင် အစီးရေ ၅၅၀၀၀၀ အထိ ထုတ်လုပ်သွားနိုင်ရန် မျှော်မှန်းထားသည်ဟု ဆိုသည်။

**Source; forbes.com**

စိုင်းဗညား - စုစည်းသည်